# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၈)ရက် ၊ အင်္ဂါနေ့ ၊ (7-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (ဝ၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၀

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၂

**နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၃)**

ဆောင်းပါး

စာမျက်နှာ - ၁၈

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး(Seed Balls)များ ကြဲချ



**နေပြည်တော် ဇူလိုင် ၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိတောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသောတောင်ကုန်းများတွင် တပ်မတော် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်

စာမျက်နှာ ၁၉ ကော်လံ ၁



# ပဲခူးတိုင်းဒေသကြီး၏ ငါးမွေးမြူထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်လာ

**ပဲခူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းကို ဒေသတွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ တင်ပို့နိုင်သည်ထိ မွေးမြူထုတ်လုပ်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး၏ ငါးမွေးမြူထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ရေထွက်ကုန်ဖူလုံပြီး ပိုလျှံတာကို နေပြည်တော်နဲ့ ရန်ကုန်ကို တင်ပို့နေပါတယ်။ ရေချိုထွက်ကုန် တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်လာတာက အားရစရာပါ။ လက်ရှိမှာ ငါးခြောက်လုပ်ငန်း၊ ငါးပိလုပ်ငန်း၊

စာမျက်နှာ ၂၆ ကော်လံ ၁

ပဲခူးတိုင်းဒေသကြီးရှိ ငါးမွေးမြူရေးကန်များမှ ရေချိုထွက်ကုန်များထွက်ရှိမှုကို တွေ့ရစဉ်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

စာမျက်နှာ - ၂၄

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ**


စာမျက်နှာ - ၂၄

## မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၆**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၂၄ ကော်လံ ၁




# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို

စာမျက်နှာ ၁၉ ကော်လံ ၄



ရတနာပုံ

၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက်

**အယ်ဒီတာ့အာဘော်**

# အင်းတော်မြို့နှင့်အနီးအကြမ်းဖက်ချေမှုန်းခဲ့မှုများ လေးစားဂုဏ်ပြု

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအကြောင်းတရားမှာ လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ထိုဒေသရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်လူမှုစီးပွားဘဝများ တိုးတက်အောင်ဖော်ဆောင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိလာမည်ဖြစ်သည်။

တပ်မတော်သည် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိရာ မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာတို့ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့ရွာများကို ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ စိုးမိုးထားသော အင်းတော်မြို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျေးရွာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အင်းတော်မြို့၌ လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်ပြင်ဆင်၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အခြေချနေထိုင်သော နတ်မဟုတ်လေးကျေးရွာနှင့် ဆည်ရွာတို့ကိုလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် လယ်နောင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၉ ရက်တွင် နတ်မဟုတ်ကြီးကျေးရွာကိုလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် သံဘိုကျေးရွာကိုလည်းကောင်း အဆင့်ဆင့်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၄ ရက် ညနေပိုင်းတွင် မြစ်ကြီးနား-ရွှေဘိုမီးရထားလမ်းပေါ်ရှိ မဲဇာကျေးရွာနှင့် မြစ်ကြီးနား-ရွှေဘို ကားလမ်းပေါ်ရှိ နန့်သဲကျေးရွာတို့ကို အသီးသီးပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြသည်။

တပ်မတော်စစ်ကြောင်းအနေဖြင့် မဲဇာကျေးရွာအပါအဝင် အထက်ပါကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ခုနစ်လောင်း၊ လေယာဉ်ပစ်စက်သေနတ်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ အကြမ်းဖက်လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှစ်စီး၊ ဒရုန်းများ၊ ဒရုန်းဗုံးသီးများ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားတို့၏ ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်ဦးထိပ်ထား၍ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် လေးစားဂုဏ်ယူလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် ရွှေလှံ(မြောက်)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သာစည် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလှံ(မြောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေလှံ(မြောက်)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ရွှေလှံ(မြောက်)ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၆၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မေလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၃၄၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၁၀၃၄၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ ကတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ဧက ၂၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အထွက်နှုန်း တိုးတက်လာစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စားဖိုဆောင်သီးနှံဧက ၂၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၂၂၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးပြီးစီးပြီဖြစ်တဲ့ သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ သွားရောက်ပြီး တောင်သူတွေနဲ့ တွေ့ဆုံအသိပညာပေးဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ပြည်သူများ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင်၅ရက်က မဏိစည်သူဈေး အနီးတွင် စုရပ်ပြုလုပ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့် ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဧရာဝတီမြစ်ရေ မြင့်တက်လာပါက မြစ်ကမ်းဘေး တစ်လျှောက်ရှိ လူနေရပ်ကွက်များတွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားနိုင်သဖြင့် ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ကြရန်နှင့် အရေးပေါ် ရေဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ယာယီရေဘေးရှောင်စခန်းများကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများနှင့်ခရီးသွားပြည်သူများကို ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများ ရေဘေးအန္တရာယ် ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ် ဖွင့်လှစ်ထားရှိသော ယာယီရေဘေးရှောင် စခန်းများသို့ သွားရောက်၍ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်ဆည်မြို့နယ်တွင် ကျောင်းကျန်းမာရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဇူလိုင် ၅ ရက်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အမက (၆)မူလွန်၊ အမက (၇) မူလွန်၊ အမက(၈)နှင့်အမက(၁၀)ကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေး၊ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်း၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကူးစက်ရောဂါများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ အမြင်အာရုံ ကောင်းမွန်မှုစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး လိုအပ်သောဆေးဝါးများကို တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၂၆၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါး ၄၂၆၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး အသိပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်သူငယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ် ယခုနှစ် ဇွန်လ စတုတ္ထပတ်မှစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှ ပဲလွမ်းဖြူတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒေသထွက်ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဇွန်လ စတုတ္ထပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ရေကြည်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၉၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းတို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် တောင်သူများ၊ ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ရေကြည်မြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၉)

ပါမောက္ခကိုကိုအောင်



**Omega-6 ၏ ကောင်းကျိုးများ**

Omega-6 ကို သင့်တင့်မျှတစွာ စားသုံးပါက အောက်ပါကောင်းကျိုးများကို ရရှိနိုင်မည်ဖြစ်သည်။

**ဦးနှောက်လုပ်ဆောင်ချက်**

ဦးနှောက်ဖွံ့ဖြိုးမှုနှင့် လုပ်ဆောင်ချက်များအတွက် အထောက်အပံ့ပြုပေးသည်။

**အရေပြားနှင့် ဆံသားကျန်းမာရေး**

အရေပြားဆဲလ်များ၏ ဖွဲ့စည်းမှု၌ ပါဝင်ကာ အရေပြားကို ရေဓာတ်မခန်းခြောက်အောင် ထိန်းပေးရုံမျှမက ဆံပင်ကျန်းမာရေးအတွက်ကိုလည်း အထောက်အကူပြုပေးသည်။

**အရိုးကျန်းမာရေး**

အရိုးကြီးထွားမှုနှင့် အရိုးကျန်းမာရေးတို့အတွက် ကူညီထောက်ပံ့ပေးသည်။

**ဇီဝယန္တရားလည်ပတ်မှု**

ခန္ဓာကိုယ်၏ ဇီဝဆိုင်ရာဖြစ်ပျက်မှုယန္တရားကို ကောင်းမွန်ချောမွေ့အောင် လုပ်ဆောင်ပေးသည်။

**မျိုးဆက်ပွားစနစ်**

မျိုးဆက်ပွားစနစ်ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အရေးပါသောဖက်တီးအက်စစ်ဖြစ်သည်။

**သတိပြုပါ**

Omega-6 ကို အလွန်အကျွံ စားသုံးမိပါက ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုကို ဖြစ်စေနိုင်ပြီး နှလုံးရောဂါနှင့် အခြားရောဂါများ၏ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေနိုင်သည်။

Omega-6 နှင့် Omega-3 တို့ကို မျှတသည့် အချိုးအစားဖြင့် ( ဥပမာ ၄:၁ မှ ၁:၁ အတွင်း ] စားသုံးကြရန် လိုအပ်မည်ဖြစ်သည်။

**ဖက်တီးအက်စစ်များနှင့် ဗီတာမင်တို့၏ ဆက်စပ်မှု**

အာဟာရသိပ္ပံပညာရပ်၌ Omega-3 နှင့် Omega-6 ဖက်တီးအက်စစ်များကို ဗီတာမင်များနှင့် ခွဲခြားထားသော်လည်း ၎င်းတို့၏ ဇီဝဖြစ်ပျက်မှုနှင့် ခန္ဓာကိုယ်အတွင်း လုပ်ဆောင်ပုံတို့မှာ ဗီတာမင်များနှင့် နီးကပ်ဆက်စပ်လျက်ရှိနေသည်။ အထူးသဖြင့် ဗီတာမင် B အုပ်စု၊ ဗီတာမင် E၊ ဗီတာမင် D တို့နှင့် အလွန်နီးကပ်သော ဆက်စပ်မှုများရှိနေကြသည်။

**ဗီတာမင် B အုပ်စု(B3, B6, B9, B12 )နှင့် ဆက်စပ်မှု**

ဗီတာမင် B အုပ်စုဝင် ဗီတာမင်တချို့က ခန္ဓာကိုယ်အတွင်း၌ Omega-3 နှင့် Omega-6 ဖက်တီးအက်စစ်တို့၏ ဇီဝဖြစ်ပျက်လုပ်ဆောင်မှု (metabolize) အတွက် ဓာတုတုံ့ပြန်မှုဖြင့် ကူညီပေးသော Co-enzyme အဖြစ် အလုပ် လုပ်ဆောင်ပေးသည်။

ဥပမာအားဖြင့် Omega-3(ALA)ကို အကျိုးပြု EPA နှင့် DHA အဖြစ်သို့ ပြောင်းလဲရန်အတွက် ဗီတာမင် B3, B6 နှင့် Folate တို့ကို လိုအပ်သည်။ ၎င်းဗီတာမင်များချို့တဲ့နေပါက Omega-3 ၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။

**ဗီတာမင် E နှင့် ဆက်စပ်မှု**

Omega-3 နှင့် Omega-6 ဖက်တီးအက်စစ်များသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidant) ဖြစ်သော ဗီတာမင် E နှင့် အတူတကွပူးတွဲလုပ်ဆောင်ကြသည်။

Omega-3 နှင့် Omega-6 တို့သည် ခန္ဓာကိုယ်ထဲ၌ ဓာတ်တိုးပျက်စီးမှု (Oxidation)ကို လွယ်လင့်တကူ ခံကြရနိုင်သည်။ ငါးကြီးဆီကို လေနှင့်ထိတွေ့စေပါက အနံ့ဆိုးထွက်လာခြင်းမှာ ဓာတ်တိုးပြီး ပျက်စီးသွားခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့သော ဓာတ်တိုးပျက်စီးမှုမျိုးမှ ဗီတာမင် E က ဖက်တီးအက်စစ်များကို ကာကွယ်ပေးခြင်းအားဖြင့် အဆိုပါ ဖက်တီးအက်စစ်တို့၏

**❖ ဗီတာမင် B အုပ်စုဝင် ဗီတာမင်တချို့က ခန္ဓာကိုယ်အတွင်း၌ Omega-3 နှင့် Omega-6 ဖက်တီးအက်စစ်တို့၏ ဇီဝဖြစ်ပျက်လုပ်ဆောင်မှု (metabolize) အတွက် ဓာတုတုံ့ပြန်မှုဖြင့် ကူညီပေးသော Co-enzyme အဖြစ် အလုပ်လုပ်ဆောင်ပေးသည်။ ဥပမာအားဖြင့် Omega-3(ALA)ကို အကျိုးပြု EPA နှင့် DHA အဖြစ်သို့ ပြောင်းလဲရန်အတွက် ဗီတာမင် B3, B6 နှင့် Folate တို့ကို လိုအပ်သည်။ ၎င်းဗီတာမင်များ ချို့တဲ့နေပါက Omega-3 ၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။ ❖**

ကျန်းမာရေးအထောက်အကူပြု အစွမ်းအာနိသင်များ ဆက်လက်တည်ရှိနေစေရန်အတွက် ကူညီဆောင်ရွက်ပေးသည်။

ထို့ကြောင့် ငါးကြီးဆီ ဖြည့်စွက်စာထုတ်လုပ်သူများက ၎င်းတို့ထုတ်လုပ်သည့် ငါးကြီးဆီများတွင် ဗီတာမင် E ကို တွဲဖက်၍ ထည့်သွင်းထားကြခြင်းဖြစ်သည်။

**ဗီတာမင် D နှင့် ဆက်စပ်မှု**

ဗီတာမင် D သည် အဆီတွင် ပျော်ဝင်သည့် ဗီတာမင်(Fat-soluble Vitamin)ဖြစ်သည့်အားလျော်စွာ၊ ခန္ဓာကိုယ်က ဗီတာမင် D ကို စုပ်ယူနိုင်ရန်အတွက် အဆီဓာတ်ကိုလိုအပ်သည်။ Omega-3 ကဲ့သို့သော ကျန်းမာရေးနှင့် ညီညွတ်သည့် ဖက်တီးအက်စစ်များက ဗီတာမင် D စုပ်ယူမှုကို ပိုမိုကောင်းမွန်ချောမွေ့စေသည်။

ဗီတာမင် D နှင့် Omega-3 နှစ်မျိုးလုံးက ခုခံအားစနစ်ကို မြှင့်တင်ပေးခြင်းနှင့် ရောင်ရမ်းမှုကို လျှော့ချခြင်းဟူသည့် တူညီသောလုပ်ဆောင်ချက်များ ရှိနေကြသည်။

အချုပ်ဆိုရသော် Omega-3 နှင့် Omega-6 တို့သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် အရေးကြီးသော အခြေခံဖက်တီးအက်စစ်များ ဖြစ်ကြသည့်တိုင် Omega-3 က ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သော်လည်း Omega-6 ကိုမူ အလွန်အကျွံစားသုံးပါက ရောင်ရမ်းမှုကို ဖြစ်စေနိုင်သည့်အတွက် သင့်တင့်မျှတသော အချိုးအစားဖြင့် စားသုံးကြရန် အရေးကြီးသည်။

အဆိုပါ ဖက်တီးအက်စစ်တို့၏ ဇီဝဖြစ်ပျက်မှုနှင့် လုပ်ဆောင်ချက်များအတွက် ဗီတာမင် B အုပ်စု၊ ဗီတာမင် E၊ ဗီတာမင် D တို့နှင့် နီးကပ်စွာဆက်စပ်ပြီး အလုပ်လုပ်ကြရသည့် အားလျော်စွာ၊ အာဟာရဓာတ်တစ်မျိုးတည်းကိုသာ အာရုံစိုက်ပြီး စားသုံးခြင်းထက် အရောင်စုံလင်သော ဟင်းသီးဟင်းရွက်၊ အဆီပြင်ငါး၊ အခွံမာသီးနှင့် အစေ့အဆန်အမျိုးမျိုးကို ရောနှောစားသုံးပြီး စုံလင်မျှတသည့် အာဟာရများကို ရယူခြင်းကသာလျှင် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၇၈၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အိမ်မဲ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၇၈၁၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ စပါး ဧက ၁၄၃၀၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၇၈၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စပါးဧက ၁၄၃၀၁၀ ထိ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၇၈၁၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်'' ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်သာမြို့နယ်၌ အမှတ် (၆) ရပ်ကွက်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ဓာတ်အားပို့လွှတ်ခြင်း ဖွင့်ပွဲကျင်းပ

**တောင်သာ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၌ အမှတ်(၆)ရပ်ကွက်တွင် ၂၀၀ ကေဗွီအေထရန်စဖော်မာ ဓာတ်အားပို့လွှတ်ခြင်း ဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီ အချိန်က အမှတ် (၆) ရပ်ကွက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဟန်သူရက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းစိုးက ရက်(၁၀၀) စီမံချက်အတွင်း ဆောင်ရွက်ခဲ့မှုများ၊ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် တည်ဆောက်ပြီးခဲ့သည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာဖြင့် ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ဗို့အားပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဟန်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## သာသာယာယာ ပြည်မြန်မာ

\- နိုင်ငံတော် ပြည်တစ်ဝန်း
အေးချမ်းလို့ သာယာနေ၊
လူတိုင်း ကိုယ်စီစိတ်နှလုံး
ရွှင်ပြုံးပျော်စေ၊
မေတ္တာတရား ဖြာဖြာဝေ
ကင်းစင်စေဘယာဘေး၊
ကုသိုလ်ပညာ ဥစ္စာတိုးလို့
ဖွံ့ဖြိုးစေရေး။

\- ဒီမိုကရေစီ သည်တစ်ခေတ်
ရွှေဖြစ်မယ့် လမ်းကြောင်းပေါ်၊
အားလုံးညီ တစ်စိတ်ဝမ်း
ရွှင်လန်းလို့ပျော်၊
မြန်မာဟော့ မြန်မာနော်
မော်ပါစေ တော်ပါစေသား၊
အလုပ်အကိုင်တွေ လွန်စွာပေါလို့
အံ့ဩဖွယ်များ။

\- ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
တိုးတက်လို့ သာစေမည်၊
အားလုံးတွင် ကိုယ်စီအသိ
ရှိသင့်နေပြီ၊
အဖျက်မှန်သမျှ ဆန့်ကျင်အတည်
ဝိုင်းလို့ညီ တိုက်ထုတ်ပေး၊
တရားဥပဒေ စိုးမိုးဖို့
ဆောင်ရွက်စို့လေး။

\- စိန်ရွှေရတနာ အဖြာဖြာတိုးလို့
ဖြိုးမောက်ပါတဲ့ မြန်မာပြည်၊
အလုပ်ကိုင် အခွင့်လမ်းများ
တိုးပွားလာပြီ၊
ကြီးပွားတိုးတက် ချမ်းသာပြီ
ကိုယ်စီမှာ အသိတရား၊
နိုင်ငံတော်သာယာရေးကို
အလေးထားကာ ပါဝင်နွှဲလို့
ထူးကဲစေသား။ ။

**မောင်မောင်အေး(ဘိုကလေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## တရုတ်ရေတပ် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ပစိဖိတ်ဒေသ၌ ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်



ပေကျင်း ဇူလိုင် ၆

ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးမှတစ်ဆင့် တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို တရုတ်တပ်မတော်က ယနေ့တွင် ပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးက ထိပ်ဖူးတု တပ်ဆင်ထားသော တာဝေးပစ် ဒုံးကျည်တစ်စင်းကို ပစိဖိတ်သမုဒ္ဒရာ နိုင်ငံတကာရေပြင် အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တာဝေးပစ်ဒုံးကျည်သည် သတ်မှတ်ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း Xinhua သတင်းဌာနက သတင်းထုတ်ပြန်ထားသော်လည်း အသေးစိတ် အချက်အလက်များကို ထည့်သွင်း ဖော်ပြထားခြင်း မရှိသေးကြောင်း သိရသည်။

ပီအယ်လ်အေ နှစ်စဉ် စစ်ရေးလေ့ကျင့်မှု အစီအစဉ်တစ်ခုအဖြစ် အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ပြုလုပ်ခဲ့ခြင်း မဟုတ်ကြောင်း Xinhua သတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောမှတစ်ဆင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မည့် အစီအစဉ်ကို ဒေသတွင်းနိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့ကို တရုတ်တပ်မတော်က ကြိုတင်အသိပေးထားကြောင်း သိရသည်။

သို့ရာတွင် တရုတ်ရေတပ်၏ ယနေ့ဒုံးကျည်စမ်းသပ်မှုကို ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေနိုင်မည့်လုပ်ရပ်အဖြစ် အဆိုပါနိုင်ငံများက ဝေဖန်ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အဆောက်အအုံတစ်လုံး ပြိုကျ

မွမ်ဘိုင်း ဇူလိုင် ၆

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးမြို့ဖြစ်သည့် မွမ်ဘိုင်းမြို့၌ အဆောက်အအုံတစ်လုံး ဇူလိုင် ၅ ရက်တွင် ပြိုကျခဲ့ရာ ကလေးငါးဦးအပါအဝင် လူခြောက်ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မွမ်ဘိုင်းမြို့၌ မုတ်သုံရာသီ မိုးပြင်းထန်စွာ ရွာသွန်းနေစဉ် အဆိုပါအဆောက်အအုံ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း မွမ်ဘိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ပြိုကျခဲ့သည့် အဆောက်အအုံမှာ မွမ်ဘိုင်းမြို့ အရှေ့ပိုင်း၌ တည်ရှိပြီး အပျက်အစီးများ အောက်တွင် ပိတ်မိနေသူများ ကျန်ရှိနေဆဲဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အဆောက်အအုံ အပျက်အစီးများအောက် ပိတ်မိနေသူများကိုကယ်ထုတ်ရန် ရှာဖွေကယ်ဆယ်ရေး သမားများက ကြိုးပမ်းနေဆဲဖြစ်သည်။

မုတ်သုံမိုး ပြင်းထန်မှုကြောင့် ပြီးခဲ့သည့် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံအချို့ဒေသများ၌ မိုးရေချိန် မီလီမီတာ ၂၀၀ ထိ ရှိခဲ့ကြောင်း သိရသည်။

မိုးကောင်းသည့် မုတ်သုံရာသီကာလအတွင်း အိန္ဒိယနိုင်ငံ၌ အဆောက်အအုံ ပြိုကျမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပြင်သစ်သမ္မတ မက်ခရွန် ဆီးရီးယားသို့ သွားရောက်မည်



ဒမတ်စကတ်စ် ဇူလိုင် ၆

မကြာမီကာလအတွင်း ဆီးရီးယားနိုင်ငံသို့ ပြင်သစ်သမ္မတ မက်ခရွန် လာရောက်မည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်အရ ပြင်သစ်သမ္မတ မက်ခရွန်သည် ၂၀၂၄ ခုနှစ်တွင် ဆီးရီးယားသမ္မတဟောင်း အာဆတ် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း ဆီးရီးယားသို့ သွားရောက်မည့် ပထမဆုံး အနောက်အုပ်စု ခေါင်းဆောင်ဖြစ်လာမည်ဖြစ်သည်။

ဆီးရီးယား ခရီးစဉ်အတွင်း ပြင်သစ်သမ္မတ မက်ခရွန်သည် ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရာနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ ဆွေးနွေးမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြင်သစ်သမ္မတ၏ ဆီးရီးယားခရီးစဉ်အတွင်း ပြင်သစ် ရင်းနှီးမြှုပ်နှံသူများနှင့် ပြင်သစ်ကုမ္ပဏီများမှ ကိုယ်စားလှယ်များလည်း လိုက်ပါလာမည်ဖြစ်သည်။

ပြင်သစ်သမ္မတ မက်ခရွန်၏ ဆီးရီးယားခရီးစဉ် စတင်မည့်နေ့ကို ဆီးရီးယားသမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိသေးကြောင်း သိရသည်။

ဆီးရီးယားသမ္မတ အယ်လ်ရှာရား ကိုယ်တိုင်သည်လည်း ၂၀၂၅ ခုနှစ် မေလတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ သွားရောက်၍ သမ္မတ မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နော်ဝေဂျီယံပင်လယ်ရေပြင်အတွင်း မောင်းနှင်နေသည့် ဗြိတိန်ရေတပ်လေယာဉ်တင်သင်္ဘောအနီး ရုရှားကင်းလှည့်လေယာဉ် ချဉ်းကပ်ပျံသန်း

လန်ဒန် ဇူလိုင် ၆

နော်ဝေဂျီယံ ပင်လယ်ရေပြင်အတွင်း မောင်းနှင်နေသည့် ဗြိတိန်ရေတပ် လေယာဉ်တင်သင်္ဘောတစ်စီးအနီးသို့ ရုရှားကင်းလှည့်လေယာဉ်တစ်စင်းက အကြိမ်ကြိမ် ချဉ်းကပ်ပျံသန်းခဲ့ကြောင်း ဗြိတိန်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဇူလိုင် ၂ ရက်တွင် ရုရှားတပ်မတော်မှ ဘဲအက်ဖ် ပင်လယ်ရေကြောင်းကင်းလှည့် လေယာဉ်တစ်စင်းသည် နော်ဝေဂျီယံ ပင်လယ်ရေပြင်အတွင်း မောင်းနှင်နေသော အိတ်ချ်အမ်အက်စ်ပရင့်စ် အော့ဖ်ဝေးလ် လေယာဉ်တင်သင်္ဘောကို မလိုအပ်ဘဲ အနီးမှ ပျံသန်းချဉ်းကပ်ခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



ထို့ပြင် အဆိုပါရုရှားကင်းလှည့်လေယာဉ်သည် အိတ်ချ်အမ်အက်စ် ပရင့်စ်အော့ဖ်ဝေးလ် လေယာဉ်တင် သင်္ဘောအနီးတွင် ရေငုပ်သင်္ဘော ရှာဖွေထောက်လှမ်းရေး ကိရိယာများကိုလည်းချခဲ့ကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာန သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုရုရှားကင်းထောက်လေယာဉ်ကို အိတ်ချ်အမ်အက်စ်ပရင့်စ် အော့ဖ်ဝေးလ် လေယာဉ်တင် သင်္ဘောပေါ်မှ အက်ဖ်-၃၅ တိုက်လေယာဉ် နှစ်စင်းက ပျံသန်း စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

အိတ်ချ်အမ်အက်စ် ပရင့်စ် အော့ဖ်ဝေးလ် လေယာဉ်တင် သင်္ဘောသည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)၏ ကွပ်ကဲမှုဖြင့် နော်ဝေဂျီယံပင်လယ်ရေပြင် အတွင်း လှုပ်ရှားနေဆဲဖြစ်သည်။

လက်ရှိတွင် ယူကရိန်းစစ်ရေး ပဋိပက္ခကိုအကြောင်းပြု၍ ရုရှားနှင့် နေတိုးအုပ်စုတို့ကြား ဆက်ဆံရေး တင်းမာလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## သီရိလင်္ကာအကျဉ်းထောင်၌ ရန်ပွဲဖြစ်ပွား လူ ၂၅ ဦးသေဆုံး၍ ဦးရေ ၁၀၀ ခန့် ဒဏ်ရာရ

ကိုလံဘို ဇူလိုင် ၆

သီရိလင်္ကာနိုင်ငံ အကျဉ်းထောင်တစ်ခု၌ အကျဉ်းသားအုပ်စု နှစ်စုကြား ရန်ပွဲဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံး၍ ဦးရေ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ အကျဉ်းထောင်ရန်ပွဲသည် နီဂွမ်ဘိုမြို့ အကျဉ်းထောင်တစ်ခု၌ ဇူလိုင် ၅ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာ ရဲတပ်ဖွဲ့ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

လက်ရှိတွင် အကျဉ်းထောင်အတွင်း အခြေအနေကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ထိန်းချုပ်ထားပြီး ရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်သည်။

အကျဉ်းသားအုပ်စု နှစ်စုကြား ရန်ပွဲဖြစ်ပွားရခြင်း အကြောင်းရင်းကို အကျဉ်းထောင်အာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အကျဉ်းထောင်ရန်ပွဲကို ထိန်းချုပ်ရေးအတွက် ရဲတပ်ဖွဲ့ကိုကူညီရန် တပ်ဖွဲ့ဝင်များ အသင့်အနေအထား ပြင်ဆင်ပေးထားကြောင်း သီရိလင်္ကာကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားကြောင်း သိရသည်။

လက်ရှိတွင် နီဂွမ်ဘိုမြို့ အကျဉ်းထောင်၌ ရဲတပ်ဖွဲ့ဝင်များကို အင်အားအပြည့် ဖြန့်ကြက်ထားသည်ဟု သီရိလင်္ကာအစိုးရ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဆက်သွယ်ရေး ဂြိုဟ်တုအုပ်စုတစ်ခုကို အောင်မြင်စွာလွှတ်တင်



ပေကျင်း ဇူလိုင် ၆

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ဇူလိုင် ၄ ရက်တွင် အင်တာနက် ဆက်သွယ်ရေး ဂြိုဟ်တုအုပ်စုတစ်ခုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း တရုတ်မီဒီယာများက ဇူလိုင် ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်း ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် အထက်ပါဂြိုဟ်တုအုပ်စုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် အထက်ပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုကို စပေ့ဆေးလ် ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။


စပေ့စ်ဆေးလ် ကုမ္ပဏီသည် ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်း၌ စပေ့စ်ဆေးလ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်လျက်ရှိပြီး ဇူလိုင် ၄ ရက် မစ်ရှင်သည် တရုတ်အမျိုးသားအာကာသ အေဂျင်စီ လောင်းမတ်ချ်ဒုံးပျံများ၏ ၆၅၅ ကြိမ်မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Amazon ကုမ္ပဏီက ယခုနှစ်ကုန်ပိုင်းမှစ၍ လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ဖြင့် အင်တာနက်ဝန်ဆောင်မှုပေးရန် စီစဉ်ထား

ဝါရှင်တန် ဇူလိုင် ၆

Amazon ကုမ္ပဏီသည်ပြီးခဲ့သည့် တစ်ပတ်အတွင်းက လီယိုဂြိုဟ်တု ၂၉ စင်းကို လွှတ်တင်ခဲ့ပြီးနောက် ယခုနှစ်ကုန်ပိုင်းမှစ၍ လီယို အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ဖြင့် အင်တာနက်ဝန်ဆောင်မှုပေးရန် စီစဉ်ထားကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။



Amazon ကုမ္ပဏီသည် ဇူလိုင် ၂ ရက်တွင် လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၉ စင်းကို United Launch Alliance (ULA) ကုမ္ပဏီ၏ အက်တလပ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

အဆိုပါမစ်ရှင် အောင်မြင်ခဲ့ခြင်းကြောင့် Amazon ကုမ္ပဏီ၏ လီယိုအင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုစင်းရေ ၃၉၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၏ ဂြိုဟ်တုအရေအတွက်မှာ ဝန်ဆောင်မှုပေးနိုင်သည့် အရေအတွက်ထိ ရောက်ရှိနေပြီဖြစ်ရာ ယခုနှစ်ကုန်ပိုင်းတွင် အင်တာနက်ဝန်ဆောင်မှုပေးရန် စီစဉ်ထားကြောင်း Amazon ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။

Amazon ကုမ္ပဏီသည် ၎င်း၏ လီယိုအင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကို ဂြိုဟ်တုစင်းရေ ၃၂၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားသည်။

ဇူလိုင် ၂ ရက်တွင် လွှတ်တင်ခဲ့သည့် လီယိုဂြိုဟ်တု ၂၉ စင်းသည် လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော ၁၄ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နာဆာနှင့် နော့သ်ရော့ဂရူးမင်းကုမ္ပဏီတို့က ပီးဂါးဆပ်စ်အိတ်စ်အယ်လ်ဒုံးပျံကို အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဇူလိုင် ၆

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် နော့သ်ရော့ဂရူးမင်းကုမ္ပဏီတို့သည် ပီးဂါးဆပ်စ်အိတ်စ်အယ်လ် ဒုံးပျံကို ဇူလိုင် ၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

နာဆာနှင့်နော့သ်ရော့ဂရူးမင်းကုမ္ပဏီတို့သည် လင့်ခ်အမည်ရှိ အာကာသယာဉ်အား သယ်ဆောင်ထားသော ပီးဂါးဆပ်စ်အိတ်စ် အယ်လ်ဒုံးပျံကို စတားဂေဇာ အမည်ရှိ လေယာဉ်ပေါ်မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ပီးဂါးဆပ်စ်အိတ်စ် အယ်လ်ဒုံးပျံသည် လင့်ခ်အာကာသယာဉ်ကို ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းသို့အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လင့်ခ်အာကာသယာဉ်သည် ပတ်လမ်းအမြင့် တဖြည်းဖြည်း ကျဆင်းလာသည့် နာဆာ၏ ဆွစ်ဖ်အာကာသရေဒီယို တယ်လီစကုပ်ကို ပတ်လမ်းအဆင့်မြှင့်တင်ပေးမည်ဖြစ်ပြီး ရက်သတ္တနှစ်ပတ်မှ သုံးပတ်ထိ အချိန်ယူ၍ ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ်သို့ ဆက်လက်ပျံသန်းမည်ဖြစ်ပြီး လအနည်းငယ်အကြာတွင်စက်ရုပ်လက်တံများ အကူအညီဖြင့် ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်၏ပတ်လမ်းကို လက်ရှိပတ်လမ်းပေါ်မှ ကမ္ဘာမြေပြင် အထက် အမြင့် ၃၇၃ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ လင့်ခ်အာကာသယာဉ်သည် အမေရိကန်နိုင်ငံအခြေစိုက် Katalyst အာကာသနည်းပညာကုမ္ပဏီက တည်ဆောက်ပေးထားသောအာကာသယာဉ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်သည် လေထုလွှာပွတ်အားကြောင့် ပတ်လမ်းအမြင့် တဖြည်းဖြည်း ကျဆင်းလာသည့် အာကာသရေဒီယို တယ်လီစကုပ် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## တစ်ရက်ထိုင်ချိန် ပုံမှန်ထက်ပိုများလာတိုင်း ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

အီဒင်ဘတ် ဇူလိုင် ၆

တစ်ရက်ထိုင်ချိန် ပုံမှန်ထက် တစ်နာရီပိုများလာတိုင်း ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

အထိုင်များမှု ပြဿနာသည် အဝလွန်မှုရောဂါ၊ ဆီးချိုရောဂါနှင့် နှလုံးရောဂါကဲ့သို့ ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြခဲ့ပြီးဖြစ်သည်။

သို့ရာတွင် စကော့တလန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထိုင်များမှု ပြဿနာကြောင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေနှင့် ၎င်းကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၀၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို အချိန်ယူ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထိုင်များမှုပြဿနာကြောင့် ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေ သုံးရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး ၎င်းရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ကိုးရာခိုင်နှုန်းထိမြင့်တက်လာနိုင်ကြောင်း သိရသည်။

တစ်ရက်ထိုင်ချိန်ကို လျှော့ချ၍ မိနစ် ၃၀ ကြာမျှ ကိုယ်ကာယ လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းဖြင့် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## သွားဖုံးသွေးယိုမှုပြဿနာက ကျောက်ကပ်ရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြား

ဘာလင် ဇူလိုင် ၆

သွားဖုံးသွေးယိုမှု ပြဿနာသည် ကျောက်ကပ်ရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

သွားဖုံးရောင်ခြင်း၊ သွားဖုံးသွေးယိုခြင်း စသည့်သွားဖုံးရောဂါများသည် ခံတွင်းကျန်းမာရေး ညံ့ဖျင်းမှုကြောင့် ဖြစ်ပွားတတ်သည့် ပြဿနာမျိုးဖြစ်သည်။

ဂျာမနီ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၆၀၀၀ ကျော်တို့၏ အချက်အလက်များနှင့် ကျောက်ကပ်ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ရာ လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ပြင်းထန်သည့် သွားဖုံးရောင်ရောဂါများနှင့် ကျောက်ကပ်ပျက်စီးမှု အစောပိုင်း လက္ခဏာများကြား ဆက်စပ်မှု ရှိနေသည်ကို တွေ့ရကြောင်း၊ ကျောက်ကပ်ကျန်းမာရေး ပုံမှန်ရှိသူများအနက် ၁၄ ရာခိုင်နှုန်းတို့တွင်သာ ပြင်းထန်သည့်သွားဖုံးရောဂါများရှိနေကြောင်း သိရသည်။

သို့ရာတွင် နှိုင်းယှဉ်ကြည့်ပါက ကျောက်ကပ်ကျန်းမာရေးထိခိုက်နေသူများကြား သွားဖုံးရောဂါများ ဖြစ်ပွားမှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းကျော်ထိရှိသည်ဟု ဂျာမနီသုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO






**ယမန်နေ့မှအဆက်**

(၄)

ကျောင်းဆရာမလေး မြမြထွေးမှာ ကျောင်းအုပ်ဆရာကြီးမိသားစုအိမ်မှာပဲ နေထိုင်ရင်း ကျောင်းတက်နေခဲ့သည်။ ဆရာမလေး ကျောင်းအားသည့်တစ်နေ့မှာတော့ ငွေခားလွယ်ရသူကြီးမင်း ဦးဘတူနှင့် သူကြီးကတော် ဒေါ်မေသော်တို့ သားကို ချစ်သည့်ဇောနှင့် ကျောင်းအုပ်ဆရာကြီးအိမ်သို့ မိန်းမတောင်းရောက်လာခဲ့ကြလေပြီ။

"ဆရာကြီးကိုကော ဆရာမလေးကိုပါ လေးစားပါတယ်ဗျာ"

"ဟုတ်ကဲ့ပြောပါ သူကြီးမင်း ဘာကိစ္စများပါလိမ့်"

သူကြီးမင်း ဦးဘတူသည် ဘေးဘယ်ညာ တစ်ချက်လှမ်းကြည့်ရင်း ညင်ညင်သာသာလေး ပြောပြရှာသည်။

"ဒီလိုပါဗျာ ကျွန်တော့်သား အောင်ကျားဟာ ဒီက ဆရာမလေး မြမြထွေးကို မေတ္တာရှိနေလို့တဲ့ဗျာ"

"ဟင်"

ဆရာမလေး မြမြထွေးဆီက အံ့ဩသံ တစ်ချက် ခပ်ပြင်းပြင်း ဆောင့်ထွက်သွားသည်။

"ဟုတ်ပါတယ် ဆရာမလေး ကျွန်တော့်သားဟာ ခုလူငယ်တို့သဘာဝ အပေါင်းအသင်းတွေနဲ့ သောက်စားမူးယစ်နေပေမဲ့ သားရယ် မယားရယ်လို့ သံယောဇဉ်တွေဖြစ်လာရင်တော့ ဒါတွေဟာ အလိုလိုပြတ်သွားမှာပါ"

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမလေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်လိုက်ကြသည်။

"ဟုတ်ပါတယ်ဗျာ နောက်ပြီးတော့ ဆရာမလေးသာ ကျွန်တော့်သား အောင်ကျားကို လက်ခံဖြစ်ရင် ကျွန်တော်ပိုင် လယ် ၁၀ ဧကနဲ့ နွား ငါးရှဉ်းကိုလဲ အပြီးအပိုင်လက်ဖွဲ့မယ်ဗျာ။ နောက်ပြီး မင်္ဂလာဆောင်ဖြစ်တဲ့နေ့မှာပဲ အခေါက်ရွှေတစ်ဆင်စာအပြည့် လက်ဖွဲ့ပေးမယ်ဗျာ"

ငွေခားလွယ်ရသူကြီးမင်းက မက်လောက်မောလောက်အောင် ပြောနေသလောက် ကျောင်းဆရာမလေး မြမြထွေးဆီက စကားတစ်ခွန်း တစ်ပါဒမျှ ထွက်ကျမလာခဲ့ပေ။

"ဆရာကြီးရယ် ဆရာမလေးကို ပြောပေးပါအုံး။ ဆရာကြီး တပည့်မလေးပဲ"

သူကြီးကတော် ဒေါ်မေသော်ကပါ ကျောင်းဆရာကြီး ဦးမြတ်သာကို ပြောအပြီးမှာ ကျောင်းဆရာမလေး မြမြထွေးကိုပါ မသိမသာတစ်ချက် စောင်းငဲ့ကြည့်လိုက်သည်။

"ဒါက အိမ်ထောင်ရေးကိစ္စပဲ တအားလေးနက်တဲ့ အကြောင်းအရာပါ။ ကာယကံရှင်ရဲ့ဆန္ဒအပြင် အခြားလူ ဝင်ပြောလို့ ဘယ်လိုမှ ဖြစ်နိုင်တဲ့ အကြောင်းအရာ မဟုတ်ဘူးဗျ"

"ဟုတ်ပါတယ်ရှင် သူကြီးမင်း ဦးကိုလဲ လေးစားပါတယ်၊ အားလဲနာပါတယ်။ ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်လုံးဝမရှိသေးပါဘူးရှင်။ ကျွန်မ ကျေးလက်ဒေသက ပညာငတ်နေကြတဲ့ တောင်သူလယ်သမားတွေရဲ့ ရင်သွေးငယ်တွေကို စာတွေ အများကြီး သင်ပေးချင်သေးပါတယ်။ ကျွန်မ ဒီပညာကိုရဖို့အတွက် မြို့ပြရင်ခွင် ရောက်နေတဲ့ဘဘုန်းကြီးသင်ပေးလို့ တတ်မြောက်လာခဲ့တာပါ။ ကျွန်မတို့ ကျေးလက်တွေမှာ ကျွန်မတို့ အရွယ်တွေဆို စာမတတ်သူတွေချည်းပါပဲ။ ရွာတိုင်းလိုလိုမှာ စာသင်ကျောင်းတွေ မရှိကြလို့ စာမသင်ကြရရှာဘူး။ ဒါကြောင့် ကျေးလက်ကလေးတွေ စာပေတတ်ဖို့ ကျွန်မတို့မှာ အဓိကတာဝန်ရှိပါတယ်။ ဒါကြောင့် သူကြီးမင်းပြောတဲ့စကားကို ကျွန်မ လက်မခံပါရစေနဲ့ရှင်"

ငွေခားလွယ်ရ သူကြီးမင်းကြီးကတော့ ငါ့စကားအလကားဆုံးလေရဲ့ဆိုသည့် သဘောထင်သွားပုံရသည်။ စကားတစ်ခွန်းမှ မပြောတော့ဘဲ မကျေမချမ်းမျက်နှာထားနှင့် ခပ်သွက်သွက် ထွက်သွားတော့သည်၊

သူကြီးမင်းတို့ ဇနီးမောင်နှံသည် ကျောင်းဆရာမလေး မြမြထွေးဆီ လာရောက်နားဖောက်ပြီး နောက်တစ်နေ့ မနက်လင်းကတည်းက ဆရာမလေး မြမြထွေး ရွာမှ ပျောက်သွားခဲ့လေပြီ။ ရှင်းရှင်းပြောရလျှင် ကျောင်းဆရာမလေး မြမြထွေးမှာ သူကြီးသားငတေပေရန်ကိုကြောက်ပြီး ရွာမှ ထွက်သွားခြင်းဖြစ်သည်ဆိုက ပိုမှန်ပေသည်ဟု ဆိုရပေမည်။ ကျောင်းဆရာမလေး မြမြထွေးမှာ ညောင်ပင်တန်းရွာနဲ့ အလွန့်အလွန်ဝေးသော ကိုယ့်မြို့နယ်တွင်းပင်လယ်ကမ်းခြေပိုင်းက ရွာတစ်ရွာသို့ ဌာနဆိုင်ရာတာဝန်အရပြောင်းသွားလေပြီဟူသတည်း။

(၅)

ညောင်ပင်တန်းရွာ ငွေခားလွယ်ရ သူကြီးမင်း၏သား အောင်ကျားမှာ ကျောင်းဆရာမလေး မြမြထွေး တစ်ရွာပြောင်းသွားတော့ ပိုဆိုး ပိုသောင်းကျန်းလာသည်။ အရက်တွေ ခါတိုင်းထက် ပိုသောက်လာသည်။ အဖေအားကိုးဖြင့် လူတကာအပေါ် ဗိုလ်ကျလာရုံမက မိုက်ကြေးခွဲသလိုတောင်ဖြစ်လာခဲ့သည်။ ကိုယ်လိုချင်တာရှိဆွဲယူသည်၊ လုယူသည်။

တစ်နေ့တွင် အောင်ကျားအရက်မူးပြီး ရွာထဲလျှောက်လာသည်။ ရွာစွန်အိမ်လေးတစ်အိမ်နားသို့ ရောက်တော့ အိမ်အောက်တွင် လှောင်ထားသည့် ကြက်အုပ်ကို မြင်လိုက်ရချိန်တွင် အိမ်ခြံဝင်းအတွင်းသို့ တန်းတန်းမတ်မတ်ဝင်လာခဲ့သည်။

"ဟေ့ကောင် ကောင်လေး မင်းကြက်တွေထဲက ငါ့တစ်ကောင်ပေး"

"မဖြစ်ဘူး အစ်ကိုကြီး။ အဖေကြီးက တစ်ခြံလုံးရောင်းထားတာ မြို့သွားပို့မဲ့လူတွေ လာယူကြလိမ့်မယ်"

"ပေးဆို ပေးကွာ"

"ပေးလို့ မဖြစ်ဘူးဗျ အဖေကြီး ရိုက်လိမ့်မယ်"

"မင်းအဖေကြီး ရိုက်မှာပဲ ကြောက်တာပေ့ါ။ ငါ့ မကြောက်ဘူးလား"

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

"ကဲကွာ ဖြန်း ဖြန်း"

အောင်ကျားသည် အရက်အလွန်အကျွံမူးနေပြီး အသနားခံတောင်းပန်နေသည့် ကောင်ကလေး၏ ပါးကိုပိတ်ရိုက်ကာ အကြီးဆုံးအထွားဆုံးကြက်ဖကြီး တစ်ကောင်ကို ဖမ်းယူပြီး ထွက်သွားခဲ့လေသည်။ အောင်ကျား လှေဆိပ်သို့အရောက်တွင် လှေတစ်စီးကို ယူပြီး ချောင်းရိုးအတိုင်း လှော်ဆင်းလာခဲ့သည်။

ညနေညိုညို မှောင်ရီပျိုးချိန်တွင် အောင်ကျားသည် သူ့ဆွေမျိုးရှိရာ လယ်ကွင်းကြီးထဲက တဲတစ်လုံးသို့ ရောက်လာခဲ့သည်။ ကြိုးချည်ထားသောကြက်ဖကြီးကို ဖက်၍ အရက်ပုလင်းထည့်ထားသည့်အိတ်ကိုလွယ်လျက် လယ်တဲထဲသို့ လျှောက်လာခဲ့သည်။

"အရီးကြီးရေ အရီးကြီး"

"ဟယ် အောင်ကျားပါလား။ ဘယ်က ဘယ်လို ရောက်လာတာလဲ"

"ကျုပ်ကိုယ်တိုင် ရွာက လှေလှော်ဆင်းလာခဲ့တာဗျ။ ကျုပ်မှာ ကြက်ဖကြီးတစ်ကောင်ပါလာတယ်။ ခု ဒီမှာ ကြက်ကြီးကို မီးဖုတ်မယ်ဗျ"

"ဟာ အောင်ကျား မင်းကြက်က အရှင်ကြီးပဲ ဘယ်လိုလုပ် မီးဖုတ်မှာလဲ"

"ဟာ ဦးကြီးကလဲ ကြက်မီးဖုတ်တာများ အဆန်းလုပ်လို့ ဒီအတိုင်း အရှင်ဖုတ်မှာပေ့ါဗျ"

"ဟာ ဟေ့ကောင် အောင်ကျား မင်းမဟုတ်တာ မလုပ်နဲ့နော် မလုပ်ကောင်းဘူး"

"မဟုတ်တာမလုပ်ဘူး ဟုတ်တာ လုပ်မှာဗျ။ ပေး မီးတစ်စ ပေးစမ်း"

သူ့ဦးကြီးနှင့် အရီးကြီးတို့မှာ အောင်ကျားအကြောင်းကိုသိပြီးသားဖြစ်၍ အထွေအထူး ပြောမနေကြတော့ဘဲ တဲထဲကနေ ထွက်သွားကြလေသည်။ အောင်ကျားသည် စိတ်မရှည်တော့သဖြင့် တဲအောက်သို့ လှမ်းဝင်ပြီး မီးခံ ထင်းမီးဖိုမှ မီးစ တစ်စ ဆွဲယူပြီး ကောက်ရိုးပုံကြီးတစ်ပုံနားသို့ ခပ်သွက်သွက် လှမ်းလာခဲ့သည်။ ကောက်ရိုးပုံအနီးသို့ အရောက်တွင် ထင်းမီးစကို ကောက်ရိုးပုံထဲသို့ ပစ်ထည့်လိုက်ရာ ဆောင်းရာသီမြောက်ပြန်လေပြင်းချိန်မို့ ချက်ချင်း မီးပုံကြီးထတောက်သွားတော့သည်။ သွေးဆိုးနေသောအရက်မူးသမားအောင်ကျား အရှင်လတ်လတ် ကြက်ဖကြီးကို မီးပုံထဲသို့ ချက်ချင်းပစ်ထည့်လိုက်သည်။ ကြက်ဖကြီးမှာ ပူလွန်း လောင်လွန်းသဖြင့် တကော်ကော်အော်ပြီး မီးပုံကြီးအတွင်းမှ ထွက်ပြေးသည်။ အောင်ကျားက ကြက်ဖကြီးနောက်သို့ ပြေးလိုက်ပြီး ပြန်ဖမ်းကာ မီးပုံထဲသို့ ပစ်ထည့်လိုက်ပြန်သည်။ ကြက်ဖကြီးက ပူလွန်း လောင်လွန်းသဖြင့် မီးပုံထဲမှ တကော်ကော်အော်ပြီး ထွက်ပြေးပြန်သည်။ အရက်မူးပြီး ဒေါသထွက်နေသော အောင်ကျားသည် ကြက်ကို အပြေးဖမ်းပြီး မီးပုံကြီးထဲ ကောက်ထည့်ပြန်သည်။ သို့သော် ကြက်ဖကြီးမှာ ရှိသည့်အင်အားကလေးကိုသုံးပြီး ထွက်ပြေးပြန်သည်။ သည်တစ်ခါ ကြက်ဖကြီးထံမှ မည်သည့်အသံမျှပင်မထွက်နိုင်တော့ချေ။ အောင်ကျားကလည်း ရှေ့နည်းအတိုင်းပင် မီးပုံထဲ ကောက်ထည့်လိုက်ပြန်၏။ သည်တစ်ချီတွင်တော့ ကံဆိုးရှာသော ကြက်ဖကြီးခမျာ မည်သည့်လှုပ်ရှားမှုကိုမျှ မပြုနိုင်တော့ဘဲ မီးပုံကြီးထဲ မီးလောင်ကျွမ်းခံခဲ့ရလေပြီ။

ကောက်ရိုးမီးပုံကြီး လောင်ကျွမ်းပြီးသောအခါ အောင်ကျားသည် ကြက်ဖကြီးကို မီးပုံထဲက ထုတ်ယူပြီး ဆည်ကမ်းစပ်သို့ သွားကာ ဆည်ရေဖြင့် ဆေးကြောပစ်လိုက်သည်။ နောက် ကြက်ဖကြီးကို ဆွဲဖြဲပစ်လိုက်သည်။ အောင်ကျားမှာ အားကောင်းမောင်းသန်အကောင်ကြီးမို့ ကြက်တစ်ကောင်လုံး အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသည်။ ကြက်သားစိတ်များကို တဲအောက်သို့သယ်လာပြီး မီးခံထင်းမီးတုံးကြီးကို မီးသွေးခြွေချကာ ကြက်သားများကိုပိုပြီး ကျက်သွားအောင် မီးဖုတ်ပစ်လိုက်သည်။ လယ်တဲရှင်များမှာ အောင်ကျားကိုတွေ့ကတည်းက လွတ်ရာကင်းရာသို့ ထွက်ပြေးသွားကြလေပြီ။ တဲထဲတွင် မည်သူမျှမရှိတော့ချေ။

အောင်ကျားသည် မီးဖုတ်ပြီးသားကြက်သားတုံးများကို ခဏလေးအအေးခံပြီး တစ်တုံးပြီးတစ်တုံး ဝါးစားတော့သည်။ သူ့မှာရွာကလာစဉ်ကပင် လွယ်အိတ်ထဲ ထည့်ယူလာခဲ့သောအရက်ပုလင်းကို ထုတ်ပြီးမော့သောက်သည်။ ကြက်သားစားလိုက် အရက်ကိုမော့ချလိုက်နှင့် ညပင် တော်တော်နက်သွားပေပြီ။ ကြက်တစ်ကောင်လုံးလည်း ကုန်လုနီးပါး၊ အရက်လည်း ကုန်လုနီးပါးဖြစ်လာချိန်မှာတော့ အောင်ကျားမှာ အလွန်မူးနေပေပြီ။ ကြက်သားကိုလည်း ဆက်မစားနိုင်တော့သလို အရက်ကိုလည်း ထပ်မသောက်နိုင်တော့ပေ။

စာမျက်နှာ ၉ သို့ á

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၂၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၂၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၂၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးနှင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် မေလအတွင်းက သွေးခုံးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း သွေးခုံးပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ပြီးခဲ့တဲ့ ဇွန်လအတွင်းက သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အား ကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးတွေက ဝယ်ယူမှုများနေတဲ့ အခြေအနေရှိနေပါတယ်။ လက်ရှိမှာလဲ သွေးခုံးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများ ပိုမိုတင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘဝလမ်း ငြိမ်းချမ်းစေ

- ဘဝမှာ မာန်တက်သူတို့
  အပြန်ခက်သည့် သံသရာ၊
  အဝိဇ္ဇာ တဏှာဖက်လို့
  ရုန်းမထွက်သာ၊
  ဒါန သီလ ဘာဝနာ
  မရှာပါ သိဥာဏ်မွဲ၊
  အပါယ်လားရာ ဒုစရိုက်နှင့်
  မိုက်ဇာတ်ကိုစွဲ။

- သံသရာ လောကထဲ
  ဖြစ်ပျက်လည်း ဘယ်မမြင်၊
  ကိလေသာ အညစ်ကြေးနှင့်
  ပူဆွေးကာပင်၊
  သခ်ါရ ဤလမ်းစဉ်
  ကျွမ်းမဝင် အမှန်ဝေး၊
  လောဘ ဒေါသ မောဟကြောင့်
  ဘဝပူဆွေး။

- သံသရာ ဒုက္ခဝေးမည့်
  လွတ်ရေးလမ်း မြင်နိုင်စေ၊
  မြတ်ဗုဒ္ဓါ အဆုံးအမ
  အသုံးချလေ၊
  မုန်းစိတ်များ ကင်းရာမြေ
  မေတ္တာအခြေ ရင်ဝယ်ထား၊
  ရှင်သန်ရာ ဘဝလမ်း
  ငြိမ်းချမ်းစေသား။ ။

**အဝေရာကိုကို**

# မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပုံကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၅၃ သိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၁ ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၅၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၈ မှအဆက်

သို့ဖြစ်၍ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာသောက်ရင်း အိပ်ချင်လွန်းနေသောကြောင့် အိပ်ရာလိုက်ရှာတော့သည်။ လယ်သမားများမှာ တလင်းနယ်ချိန် ဆောင်းတွင်းကာလဆိုလျှင် တလင်းပုံနံဘေးတွင် ကောက်ရိုးပုံကို ဂူပေါက်သဖွယ် ဝါးနီးကြမ်းဖြင့် တားပြီး အိပ်ရာပြုကာ လယ်သမားတို့ အိပ်လေ့ရှိကြသည်။ ဤသည်ကို သိနေသော အောင်ကျားမှာ ကြက်မီးဖုတ်သည့်ကောက်ရိုးပုံနှင့် ခပ်လှမ်းလှမ်းက ကောက်ရိုးပုံတစ်ပုံကိုတွေ့ပြီး အခြေအနေကို ကြည့်လိုက်ရာ လရောင်ကြောင့် ကောက်ရိုးပုံတွင်းကအိပ်ရာကို တွေ့ရှိခဲ့လေတော့သည်။

အောင်ကျားမှာ အလွန်မူးနေရာ အထွေအထူး စဉ်းစားမနေတော့ဘဲ ကောက်ရိုးပုံအခေါင်းထဲ ဝင်အိပ်လိုက်တော့သည်။ မြေကြီးပေါ်ခေါင်းကျသည်ဆိုလျှင်ပင် ခေါက်ခနဲအိပ်ပျော်သွားရာ ပါးစပ်တွင် ကိုက်ခဲထားသည့်မီးစွဲနေသောဆေးပေါ့လိပ်သည်လည်း ပါးစပ်ကလွတ်ကျသွားလေတော့သည်။ မီးနှင့်ထိမိသော ကောက်ရိုးခြောက်ပုံကြီးမှာ ချက်ချင်းမီးထတောက်၍ လောင်ကျွမ်းတော့သည်။ အမူးသမားအောင်ကျားကား ခန္ဓာကိုယ်ကို မီးစွဲလောင်မှုဖြုန်းခနဲလန့်နိုးပြီး မီးလောင်ရာမှလွတ်အောင် သွေးရူးသွေးတန်းထွက်ပြေးသော်လည်း ဘယ်နေရာသို့မျှ မရောက်တော့ဘဲ ဟိုဘက်ပြေး မီး သည်ဘက်ပြေး မီး ဖြစ်နေကာ မီးပုံကြီး၏ အလယ်တွင် ပြေးပေါက်ရှာမရတော့ဘဲ မီးပုံကြီးတွင်းသို့ ဝင်ပြေးသကဲ့သို့ဖြစ်ကာ မီးတောက်ကြီးများ၏ဝါးမျိုခြင်းကို မရှုမလှခံရရှာလေတော့သည်။

(၆)

နောက်တစ်နေ့တွင်တော့ ငွေခားလွယ်ရသူကြီးမင်း ဦးဘတူ၏ တစ်ဦးတည်းသောသား အောင်ကျားတစ်ယောက် လယ်ကွင်းထဲမှာ မီးစွဲလောင်ပြီး သေသည်ဆိုသောသတင်းစကားသည် တစ်နယ်လုံးသို့ ပျံ့နှံ့သွားလေတော့သည်။

သူတစ်ပါးပိုင်ကို ဗလအားကိုးအနိုင်ကျင့်ပြီး မတရားလုယက်ယူဆောင်ခြင်း၊ အားနွဲ့သည့်တိရစ္ဆာန်ကြက်ဖကလေးကို အရှင်လတ်လတ် မီးပုံထဲထည့်ပြီး မသေမချင်း မီးဖုတ်သတ်ဖြတ်ခြင်းတို့ကြောင့် စာမတတ် ပေမတတ်အသိဥာဏ်မရှိသည့် ငမိုက်သားအောင်ကျားတစ်ယောက်လည်း ကိုယ့်ကိုယ်ကိုယ် မသေမချင်း မီးဖုတ်သတ်သကဲ့သို့ ဖြစ်ခဲ့ရချေလေပြီကော။

# နိုင်ငံတော်ကအားထားရသော လူငယ်များပေါ်ထွန်းရေး

**စိန်ငွေးလှိုင်(ပခုက္ကူ)**

လူငယ်ဆိုသည်မှာ ဘဝတစ်ခုတွင် စိတ်ကူး စိတ်သန်းအကြွယ်ဝဆုံး အရွယ်ဖြစ်ပြီး ထူးခြား ဆန်းသစ်သည့် သဘောသဘာဝများစွာရှိသည်။ လူငယ်တို့၏ပင်ကိုသဘာဝမှာ အသစ်အဆန်းများကို အမြဲမပြတ်စူးစမ်းလေ့လာလိုစိတ် ပြင်းပြကြကာ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာ လွတ်လပ်စွာ လုပ်ကိုင်လိုကြသည်။ တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါပြုမူတတ်သည့် အားနည်းချက်ရှိတတ်သော်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ရန် စိတ်ဓာတ်အမြဲ တက်ကြွနေတတ်သည့်အားသာချက်လည်းရှိကြသည်။ အုပ်စုအသင်းအဖွဲ့ဖြင့် နေရသည်ကိုနှစ်သက်ကြကာ မိမိတို့၏ စွမ်းဆောင်ရည်အပေါ် ပတ်ဝန်းကျင်၏ အသိအမှတ်ပြုမှုကို လိုလားတတ်ကြသည်။ လူ့အဖွဲ့အစည်း၏ပြောင်းလဲတိုးတက်မှုများကို အစဉ်အမြဲရှေ့တန်းမှ ဖန်တီးလိုကြသည့် အင်အားစုများဖြစ်ကြသည်။ ခေတ်ရေစီးကြောင်းထဲတွင် ရှင်သန်နေသော လူငယ်များအတွက် ဘဝတိုးတက်ရေးကို လမ်းပြပေးမည့်စာပေပညာရေး၏အခန်းကဏ္ဍနှင့်အတူ ၎င်းတို့ ရင်ဆိုင်နေရသော လူမှုကွန်ရက်၊ ဗီဒီယိုဂိမ်းနှင့် မူးယစ်ဆေးစသည့် စိန်ခေါ်မှုများကို ဆင်ခြင်သုံးသပ်ရန် အလွန်ပင် အရေးကြီးသည်။

**လူငယ်နှင့်စာပေပညာရေး**

နိုင်ငံတစ်နိုင်ငံ ရေရှည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အနာဂတ်ကို ပုံဖော်ကြမည့် လူငယ်ထုသည်သာ အဓိကမောင်းနှင်အားဖြစ်သည်။ ပညာရည်မြင့်မားသော လူငယ်များသည် လမ်းမှားသို့ ရောက်ရန် ရာခိုင်နှုန်းနည်းပါးပြီး မိမိကိုယ်ကို အားကိုးလျက် ကောင်းမွန်သောလူမှုဘဝများကို တည်ဆောက်ကြသည်။ မိမိတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကို သိရှိပြီး မတူကွဲပြားမှုများကို အကြမ်းမဖက်ဘဲ ဆွေးနွေးအဖြေရှာတတ်သော စနစ်တကျရှိသည့် လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်သည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ တည်ရှိနေပေရာ ဘာသာစကားနှင့် ကမ္ဘာ့အမြင်ကျယ်ပြန့်သော ပညာတတ်လူငယ်များသည် ကဏ္ဍဘက်စုံပူးပေါင်းမှုများတွင် နိုင်ငံတော်ကို ကိုယ်စားပြုပြီး ရှေ့တန်းမှဦးဆောင်ပါဝင်နိုင်သည်။

လူငယ်များသည် တိုင်းပြည်၏အနာဂတ်သားကောင်းရတနာများ ဖြစ်ကြသကဲ့သို့ စာပေသည်လည်း ထိုလူငယ်တို့၏ စိတ်ဓာတ်နှင့် အသိပညာကိုပြုစုပျိုးထောင်တည်ဆောက်ပေးသည့် အဓိကအကြောင်းရင်းခံဖြစ်သည်။ စာဖတ်ခြင်းသည် လူငယ်တို့၏ တွေးခေါ်မြော်မြင်မှုကို ရင့်ကျက်စေပြီး ကောင်းဆိုးအမှားအမှန်ကို ကိုယ်တိုင်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာစေသည်။ ထို့ပြင် ဘဝတွင် စိတ်ဓာတ်ကျစရာများနှင့် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါ၌လည်း စာပေဖတ်ရှုခြင်းကစိတ်ဓာတ်ကို ပြန်လည်မြှင့်တင်ပေးနိုင်သည့် ခွန်အားတစ်ခုဖြစ်လာသည်။ စာဖတ်ရာတွင် အကြောင်းအရာတစ်ခုကို သေချာစွာ နားလည်သဘောပေါက်ရုံတင်မက ထိုမှရရှိသည့်အသိအမြင်များကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ပြန်လည်အသုံးချသွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များသည် စာပေဖတ်ရှုခြင်းမှ ရရှိလာသော အသိပညာဗဟုသုတနှင့် အတွေ့အကြုံများကို ကောင်းစွာအသုံးချလျက် မိမိတို့၏ အနာဂတ်ကို လှပစွာပုံဖော်ကြရမည်ဖြစ်သည်။

**လူငယ်နှင့်လူမှုကွန်ရက်**

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်ရာ အသိပညာအခြေပြုလုပ်ငန်းများဖြင့် နိုင်ငံကို ချမ်းသာကြွယ်ဝစေနိုင်သည်။ ယနေ့လူငယ်အများစုသည် ဉာဏ်ရည်တုနည်းပညာ(AI)နှင့် အိုင်တီနည်းပညာ(IT)များကို လွယ်ကူစွာအသုံးချနိုင်ကြ



သူများဖြစ်ကြပေရာ ကုန်ထုတ်စွမ်းအားကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်သည်။ AI နှင့် IT နည်းပညာသည် လေ့လာလိုက်စားသင့်သော ပညာရပ်များဖြစ်သည်။ အလားတူ လူမှုကွန်ရက်သည်လည်း ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ သင်ခန်းစာများနှင့် အသိပညာပေးအကြောင်းအရာများကို အချိန်မရွေးလေ့လာနိုင်စေရုံမျှမက အလုပ်အကိုင်အခွင့်အလမ်းကောင်းများကိုလည်း ဖော်ဆောင်ပေးသည်။ ထို့ပြင် ကမ္ဘာ့နေရာအနှံ့မှ မိတ်ဆွေသူငယ်ချင်းများနှင့် အလွယ်တကူဆက်သွယ်ကာ အမြင်ချင်းဖလှယ်နိုင်ပြီး မိမိတတ်ကျွမ်းသော အနုပညာ၊ စာပေနှင့်နည်းပညာ စသည့်ကိုယ်ပိုင်စွမ်းရည်များကို လူသိရှင်ကြား အခမဲ့ချပြခွင့်ရသည့် နေရာတစ်ခုလည်းဖြစ်သည်။ သို့သော် အခြားတစ်ဖက်က ကြည့်လျှင်လည်း အဆိုပါလူမှုကွန်ရက်များကို စနစ်တကျအသုံးမချတတ်ပါက မိမိ၏ လူမှုဘဝကို ပျက်စီးသွားစေနိုင်သည်။ အကျိုးမရှိသောအချက်အလက်များကို ဆက်တိုက်ကြည့်ရှုနေမိပါက အာရုံစူးစိုက်မှုအားနည်းလာပြီး အဖိုးတန်အချိန်များကို အလဟဿဖြစ်စေတတ်သည်။

၎င်းအပြင် အမုန်းစကားများ၊ သတင်းတုသတင်းမှားများနှင့် ငွေကြေးလိမ်လည်မှုများကြောင့်လည်း စိတ်ဓာတ်ကျဆင်းမှုများကို ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် လူငယ်များသည် လူမှုကွန်ရက်များ သုံးစွဲမည့်အချိန်ကို စနစ်တကျကန့်သတ်ကာ မိမိဘဝအတွက် အကျိုးရှိစေမည့် ပညာပေးအချက်အလက်များကိုသာ ရွေးချယ်ကြည့်ရှုသင့်သည်။ သတင်းတိုင်းကို မယုံကြည်ဘဲ ခိုင်မာသောသတင်းရင်းမြစ် ဟုတ်မဟုတ်ကိုလည်း အမြဲဝေဖန်ပိုင်းခြားဆင်ခြင်ရမည်ဖြစ်သည်။

**လူငယ်များ ဂိမ်းစွဲလမ်းမှု**

ယခုအခါ ဒစ်ဂျစ်တယ်နည်းပညာထွန်းကားလာမှုနှင့်အတူ လူငယ်များသည် ဂိမ်းအလွန်အကျွံကစားခြင်းသည် လူငယ်များ၏ဘဝကို များစွာထိခိုက်ပျက်စီးစေနိုင်သည်။ ဂိမ်းအပေါ်စွဲလမ်းလွန်းပါက အဖိုးတန်လှသောအချိန်များကို ဖြုန်းတီးမိပြီး စာပေလေ့လာရန်နှင့် ပြင်ပလူမှုဘဝတိုးတက်ရန် အခွင့်အရေးများ ဆုံးရှုံးရတတ်သည်။ ထို့ပြင် ညဉ့်နက်သည်ထိ ဂိမ်းကစားခြင်းကြောင့် အိပ်စက်ခြင်းဆိုင်ရာပြဿနာများ၊ မျက်စိမှုန်ခြင်းဆိုင်ရာပြဿနာများ စသည့်ကျန်းမာရေးထိခိုက်မှုများကို ရင်ဆိုင်ရရုံမျှမက ဒေါသကြီးခြင်းနှင့် စိတ်ဂနာမငြိမ်ဖြစ်ခြင်း စသည့်ဆိုးကျိုးများကိုပါ ခံစားရသည်။ ထို့ကြောင့် လူငယ်များသည် ဂိမ်းကစားခြင်းကို အချိန်အကန့်အသတ်ဖြင့် ကစားသင့်သည်။

**လူငယ်နှင့်မူးယစ်ဆေး**

လူငယ်တို့၏ ဘဝတိုးတက်ရေးကို အဓိကအနှောင့်အယှက်ပေးပြီး အမှောင်ထုချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့်အရာမှာ မူးယစ်ဆေးပင်ဖြစ်သည်။ ယနေ့ခေတ်တွင် မူးယစ်ဆေးများသည် လူငယ်ထုအတွင်းသို့ နည်းမျိုးစုံဖြင့် ပျံ့နှံ့ဝင်ရောက်နိုင်သည်။ အမှန်စင်စစ် မူးယစ်ဆေးပြဿနာသည် လူငယ်တို့၏ လူနေမှုဘဝနှင့်အနာဂတ်ကို အကြီးအကျယ်ထိခိုက်ပျက်စီးနိုင်သည်။ ၎င်းသည် လူငယ်တို့၏ ဆင်ခြင်တုံတရား၊ ကာယဗလနှင့်ဉာဏဗလတို့ကို တစ်စစီပျက်စီးစေပြီး လူငယ်တစ်ဦး၏တိုးတက်မှုကို အောက်ဆုံးအဆင့်ထိ နိမ့်ကျသွားစေရုံမျှမက အသက်ဆုံးရှုံးရသည်ထိပါ ခြိမ်းခြောက်လျက်ရှိသည်။ ယနေ့ကာလတွင် တရားမဝင်မူးယစ်ဆေးသာမက လူငယ်တို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာနှင့် စိတ်ကိုပြောင်းလဲစေသော စိတ်ကြွဆေးမျိုးစုံတို့သည်လည်း လူငယ်များ၏အနာဂတ်ကို ခြိမ်းခြောက်နေပေသည်။

လူငယ်ဟူသည် သဘာဝအရ အရာရာကို စူးစမ်းလေ့လာလိုသော စိတ်ရှိသည်။ ထိုစူးစမ်းလိုစိတ်သည် ကောင်းမွန်သောနေရာ၌ အသုံးချပါက ဘဝအတွက် ကောင်းကျိုးပြုနိုင်သော်လည်း မကောင်းသောနေရာ၌ အသုံးချမိပါက ဆိုးကျိုးကိုသာဖြစ်ထွန်းစေတတ်သည်။ အထူးသဖြင့် အန္တရာယ်ကြီးမားလှသော မူးယစ်ဆေးဝါးသည် အစပိုင်းတွင် စူးစမ်းချင်စိတ်ဖြင့် စမ်းသပ်မိသူကိုပင် မိမိ၏အောက်၌ အကြွင်းမဲ့ချုပ်နှောင်ဖမ်းစားကာ နောက်ဆုံးတွင် ဘဝတစ်ဆစ်ချိုး မပြန်လမ်းသို့ ခေါ်ဆောင်သွားနိုင်သည့် ကြောက်မက်ဖွယ်ရာ အရာတစ်ခုဖြစ်သည်။ လူငယ်များ မူးယစ်သားကောင်အဖြစ်ရောက်ရှိသွားရခြင်းမှာ သူငယ်ချင်းအပေါင်းအသင်းတို့၏ဆွဲဆောင်မှုကို မလွန်ဆန်နိုင်ခြင်း၊ မိသားစုအတွင်းရေးပြဿနာများ မပြေလည်ခြင်း၊ လူမှုရေးအခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း၊ မူးယစ်ဆေးဝါး၏ဆိုးဝါးလှသော အန္တရာယ်ကို သေချာစွာနားမလည်ခြင်းတို့ကြောင့် ဖြစ်သည်။ သို့သော်လည်း "ဘယ်သူမပြု မိမိမှု"ဟု သကဲ့သို့ပင် ပြင်ပတွန်းအားများ မည်မျှပင်ရှိစေကာမူ မိမိ၏ ဆင်ခြင်တုံတရားနှင့် စိတ်ဓာတ်ခိုင်မာမှုသည်သာ အဓိကကျသောအဆုံးအဖြတ်ဖြစ်သည်။ အကယ်၍ မူးယစ်ဆေးကို စွဲလမ်းသုံးစွဲသည့် လူငယ်များ ပိုမိုများပြားလာပါက ထိုလူငယ်ထုအတွင်း၌သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးတွင်ပါ ခိုးဆိုးလုယက်မှုနှင့် အကြမ်းဖက်မှုကဲ့သို့သော ရာဇဝတ်မှုခင်းများပါ ပိုမိုဆိုးဝါးထက်သန်စွာ ဖြစ်ပေါ်လာနိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် စာပေပညာ၊ လူမှုကွန်ရက်၊ ဂိမ်းများနှင့် မူးယစ်ဆေးတို့သည် လူငယ်များ၏ ဘဝရှင်သန်တိုးတက်ရေးအတွက် အပြန်အလှန်ဆက်နွယ်နေသည့် အကြောင်းခြင်းရာများဖြစ်သည်။ လူမှုကွန်ရက်သုံးစွဲခြင်းနှင့် ဂိမ်းကစားခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ အသုံးပြုပါက ဘဝအတွက် ဆိုးကျိုးကိုသာ ရရှိစေမည်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းသည်လည်း လူငယ်များ၏ဘဝကို အညွန့်တုံးပျက်စီးသွားစေသည်။ ထို့ကြောင့် အဆိုပါဆိုးကျိုးများကို ကောင်းစွာဆင်ခြင်သုံးသပ်နိုင်ရန်အတွက် လူငယ်များသည် စာပေများကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာကာ မိမိတို့၏စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်ကအားထားရသော လူငယ်လူရွယ်များ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- ၁၄-၁-၂၀၂၆ ရက်ထုတ် ရတနာပုံသတင်းစာ။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## တိမ်ပန်းချီရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၆**

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိမ်ပန်းချီရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဟမ်စိုင်း (ဆေး-မန်း)က ရေးသားထားခြင်းဖြစ်ပြီး အေးသီရိကိုက ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရုဏ်ဦး) က Brave Empire Entertainment and Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ပြသစဉ်ကလဲ ကြည့်ရှုအားပေးသူတွေ များပြားခဲ့ပါတယ်။ စံချိန်တင် ရုံတင်ရက်ရတဲ့ထိ အားပေးကြသူတွေ များပါတယ်။ ဒီဇာတ်ကားကတော့ သုံးပွင့်ဆိုင် အချစ်ဒရာမာ ကားကောင်းလေးပါပဲ။ သာမန် မြင်နေကျမဟုတ်တဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကောင်းလေးတစ်ခုကို မြင်ကြရမှာပါ။ တိမ်တွေနှင်ရာသွားနေတဲ့ လူတစ်ယောက်ရဲ့ဘဝမှာ ခဏလေးမြင်ရတဲ့ တိမ်ပန်းချီတွေကို အမြဲမြင်ရဖို့ မဖြစ်နိုင်ဘူးဆိုတဲ့ လောကဓမ္မကို အချစ်နဲ့တင်စားပြထားတဲ့ ဇာတ်လမ်းလေးပါ။ CANAL+ ZAT LENN Channel က ပြသတဲ့အခါ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

တိမ်ပန်းချီအမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဝတ်မှုန်ရွှေရည်၊ မယ်လိုဒီ၊ နှင်းယုနှင့် အနုပညာရှင်များစွာက အကောင်းဆုံး ပါဝင် သရုပ်ဆောင်ထားကြောင်း၊ အဆိုပါ ဇာတ်လမ်းကို CANAL+ ZAT LENN Channel မှ ဇူလိုင် ၂၆ ရက် တနင်္ဂနွေနေ့ည ၇ နာရီ မိနစ် ၃၀ အချိန်တွင် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

## Possession ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ပေါဒါနိုပါဝင်မည်

**နယူးယောက် ဇူလိုင် ၆**

Paramount ကုမ္ပဏီ၏ Possession အမည်ရှိ သဘာဝလွန် ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသား ပေါဒါနို ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက်သတင်းများအရ သိရသည်။

Possession ဇာတ်ကားတွင် မင်းသား ပေါဒါနိုသည် မင်းသား ကယ်လမ်တန်နာ၊ မင်းသမီး မာဂရက်ကွယ်လေတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၁၉၈၁ ခုနှစ်တွင် ထင်ရှားခဲ့သည့် Possession ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Paramount ကုမ္ပဏီ၏ Possession ဇာတ်ကားကို ဒါရိုက်တာ ပတ်ကားဖင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Possession ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ပတ်ကားဖင်းကပင် တာဝန်ယူ ရိုက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Possession ဇာတ်ကားသည် စစ်အေးတိုက်ပွဲခေတ် အနောက်ဘာလင် မြို့တော်ကို နောက်ခံထား၍ ဇနီးမောင်နှံနှစ်ဦး ရင်ဆိုင်ရမည့် သဘာဝလွန်ဆန်းကြယ်ဖြစ်ရပ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## တေးသံရှင် ဝေကြီးနှင့် ငြိမ်းချမ်းကိုတို့၏ တေးဂီတဖျော်ဖြေပွဲကို ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ Godfather Music Pub တွင် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၆**

တေးသံရှင် ဝေကြီးနှင့် ငြိမ်းချမ်းကိုတို့၏ တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ Godfather Music Pub ၌ ဇူလိုင် ၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဝေကြီးထံမှ သိရသည်။

တေးသံရှင်ဝေကြီးနှင့် ငြိမ်းချမ်းကိုတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Godfather Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"ပရိသတ်တွေ အမှတ်တရရှိနေ အုံးမဲ့သီချင်းအေးအေးလေးတွေကို ပြန်လည် သီဆိုပေးမဲ့ညဖြစ်တာမို့ ဘော်ဒါတွေအားလုံးကို ကိုယ့်ရဲ့ အမှတ်တရတွေနဲ့ အတူတွဲပြီး ရှိနေမဲ့ Godfather ရဲ့ အမှတ်တရ ညတစ်ညကိုလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဝေကြီးက ပြောပြသည်။

တေးသံရှင် ဝေကြီးနှင့် ငြိမ်းချမ်းကိုတို့၏ တေးဂီတ ဖျော်ဖြေပွဲကို Godfather Music Pub တွင် ဇူလိုင် ၈ ရက် ညနေ ၆ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

## Lies We Follow ဒရာမာဇာတ်ကား၌ ရွန်ပါးမင်းနှင့် တာရီပိုလိုတို့ပါဝင်မည်ဖြစ်

**နယူးယောက် ဇူလိုင် ၆**

Lies We Follow အမည်ရှိ ဒရာမာဇာတ်ကားသစ်၌ Hellboy မင်းသား ရွန်ပါးမင်းနှင့် မင်းသမီး တာရီပိုလိုတို့ ပါဝင်သရုပ်မည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် သေလုဆဲဆဲ မိန်းကလေးငယ်တစ်ဦးကို ကုသရန် ကြိုးပမ်းရမည့် ဆရာဝန်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Lies We Follow ဇာတ်ကားကို ဒါရိုက်တာ အိုင်ဒါဂျီဗော်ယန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ အိုင်ဒါဂျီဗော်ယန်ကပင် ရေးသားပေးထားသည်။

အဆိုပါ Lies We Follow ဇာတ်ကားကို ယခုနှစ်အတွင်း လော့အိန်ဂျလိစ်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

Lies We Follow ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





## M Channel နှင့် M YouTube Channel မှ မေ ၃၁ ဇာတ်လမ်းတွဲကို ဇူလိုင် ၁၁ ရက်တွင် ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇူလိုင် ၆**

M Channel နှင့် M YouTube Channel မှ မေ ၃၁ ဇာတ်လမ်းတွဲကို ဇူလိုင် ၁၁ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ မေ ၃၁ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ နေထွဋ်ထံမှ သိရသည်။

အဆိုပါ မေ ၃၁ ဇာတ်လမ်းတွဲတွင် ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လူငယ်ကြိုက် သူငယ်ချင်းလေးယောက်ရဲ့ လေးပွင့်ဆိုင် ထူးထူးခြားခြား ဒရာမာ ဇာတ်လမ်းလေးပါ။ ရိုးရိုးသူငယ်ချင်းလား၊ ဆန်းဆန်းပြားပြား သူငယ်ချင်းလား၊ ကိုယ်လဲအပိုင်မယူဘူး၊ သူများကိုလဲ မပေးချင်တဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ ဒီနှစ်ယောက်ကိုမှ ကိုယ်စီချစ်မိနေကြတဲ့ ချစ်သူအမည်ခံလူနှစ်ယောက် သူတို့လေးယောက်မှာ ဘယ်သူက မေ ၃၁ ရဲ့ အခိုင်မာဆုံး စုံတွဲဖြစ်လာမလဲ။ ချစ်ဖို့ကောင်းပြီး အသည်းတွေ၊ အူတွေ ကလိကလိဖြစ်ဖွယ် ကြည့်ရှုရမဲ့ မေ ၃၁ စီးရီးသစ်ကို လာမဲ့ဇူလိုင် ၁၁ ရက် ည ၇ နာရီ M Channel နဲ့ M YouTube Channel မှာ စောင့်မျှော် ကြည့်ရှုနိုင်ပါပြီ"ဟု သရုပ်ဆောင် နေထွဋ်က ပြောပြသည်။

M Channel နှင့် M YouTube Channel မှ ထုတ်လွှင့်တင်ဆက်မည့် မေ ၃၁ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေထွဋ်၊ ဝင်းခန့်မိုး၊ ဟိန်းသန့်ဇေ၊ ရဲမွန်၊ ဝေရှိုင်း၊ ဒေါင်းဝေ၊ ယမင်းမေဦး၊ သဇင်ထူးမြင့်၊ ပြည့်ပြည့်ဘုန်းမြတ်၊ အေဏီဇော်၊ စင်သီယာ၊ ဆုမြတ်နိုးဇင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်းလည်း သိရသည်။

ASH

# Another illegal nine-story building used in committing online scam and gambling activities in Shwe Kokko area systematically detonated and destroyed; a total of 69 illegal residential buildings demolished and destroyed

**Before demolition.**





**Before demolition of an illegal nine-storey building used for online scam gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Preparing for explosive demolition.**





**Preparation for explosive demolition of the illegal nine-storey building used for online scam gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 6**

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal nine-story building within the Shwe Kokko area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another nine-story building, out of the 20 structures designated for demolition by detonation, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 69 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 8 illegal buildings. 100

## Ngaputaw Township sells glutinous rice to Yangon market in May

**Ngaputaw July 6**

Local merchants from Ngaputaw Township in Ayeyawady Region sold 45,000 bags of glutinous rice to Yangon market in May, said Daw Moe Moe Aye, the owner of rice and paddy trading depot in Ngaputaw Township.

Glutinous rice exports from Ngaputaw Township to the Yangon market reached only 37,000 bags (16 viss per bag) during April this year, but increased to 45,000 bags during the one-month period in May.

"Rice traders in Ngaputaw Township purchase locally produced paddy, mill it, and export the rice to the Yangon market. Over the past month, we were able to export up to 45,000 bags of glutinous rice (16 viss per bag) from Ngaputaw Township to the Yangon rice market.

At present, we are purchasing locally grown summer paddy, milling it, and exporting the rice to the Yangon market. The current rice prices are stable without significant increases or decreases. Buyers from the Yangon market are still actively purchasing rice from the Ngaputaw Township area in June," said Daw Moe Moe Aye.

A 16-viss bag of glutinous rice exported from Ngaputaw Township to the Yangon market is currently fetching up to K125,000, it is reported. As the rice continues to be exported regularly, rice traders, farmers, truck rental operators, and loading and unloading workers are all able to continue their businesses smoothly.

Kyaw Kyaw Lin

## Philippine Senator Rodante Marcoleta arrested after court orders in plunder case

**Manila July 6**

Philippine Senator Rodante Marcoleta was arrested on Monday morning, according to personnel of the Criminal Investigation and Detection Group.

An arrest warrant was issued the same day by the Third Division of the Sandiganbayan, the anti-graft court. The Philippine Office of the Ombudsman filed a plunder case against Senator Rodante Marcoleta before the Sandiganbayan on Friday.

According to the Ombudsman, Marcoleta allegedly received 75 million pesos (over 1.2 million U.S. dollars) in undeclared campaign donations while serving as a congressman. The donations were allegedly not disclosed in the required 2025 Senate election and government filings.

From Tuesday to Thursday, crowds gathered in the Philippine capital, Manila, in support of Marcoleta, after the Ombudsman had earlier announced it would pursue a plunder case against him. Local police said the protest drew an estimated 15,000 participants at its peak. Xinhua

## World Insights: NATO faces deepening fault lines ahead of Ankara summit

**Ankara July 6**

As leaders of the North Atlantic Treaty Organization (NATO) prepare to meet in Ankara this week, the alliance is seeking to project unity at a time when disagreements over strategic priorities, defense spending, and its long-term purpose have become increasingly difficult to conceal.

The summit, set for Tuesday and Wednesday, comes against a backdrop of diverging approaches to the recent U.S. military operation against Iran, continued debate over ambitious defense spending targets, and growing public criticism of NATO across parts of Europe.

The latest signs of discord emerged after the United States and Israel carried out military strikes against Iran starting in late February. While several NATO allies expressed political support for Washington's stated objective of preventing Iran from acquiring nuclear weapons, none agreed to take a direct role in the operation.

The reluctance of NATO allies to send warships to support U.S. efforts to "reopen" the Strait of Hormuz prompted criticism from U.S. President Donald Trump, who harshly accused European allies of benefiting from U.S. security guarantees while avoiding the risks associated with military action.

Xinhua

# Farmers harvest all sown acreage of summer paddy in Mawlaik Township



Farmers harvesting summer paddy in a field.

**Mawlaik July 6**

Statistics of Mawlaik Township Department of Agriculture in Sagaing Region said that local farmers have harvested all plantations of summer paddy in the township.

In Mawlaik Township, a total of 1,012 acres of summer paddy were cultivated during this year's summer cropping season. The cultivated fields have been harvested since May, and as of now, harvesting has been completed on 100 per cent of the planted area, with an average yield of 88.32 baskets per acre.

"This year, only 1,012 acres of summer paddy were cultivated in Mawlaik Township during the summer cropping season. At present, harvesting has been completed on all of the cultivated acreage. We provided agricultural technical assistance to summer paddy farmers, raised awareness on pest prevention and control, advised farmers on minimizing crop losses, and informed them about the importance of ensuring that harvested paddy is transported under shelter in a timely manner," said U Kyaw Sein Oo, Head of the Department of Agriculture in Mawlaik Township.

To help improve per-acre yields and achieve target production levels, the Department of Agriculture in Mawlaik Township distributed quality certified seed varieties, provided technical extension pamphlets, conducted farmer training courses and educational discussions, and facilitated the timely availability of necessary agricultural inputs for summer paddy growers.

Farmers have also been encouraged to make advance preparations for the timely cultivation of summer paddy and other crops after harvesting monsoon paddy and other monsoon crops. These preparations include following the Department of Agriculture's guidelines on the prevention and control of crop pests and diseases, undertaking soil fertility improvement measures, and securing quality certified seeds in advance in coordination with the Department of Agriculture. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 9,000 acres of rainfed sesame in Ayadaw Township

**Ayadaw July 6**

Ayadaw Township Agriculture Department in Sagaing Region mentioned that local farmers have planted more than 9,000 acres of rainfed sesame in the township this year.

During the 2026-2027 monsoon crop cultivation season, local authorities earmarked to cultivate 43,020 acres of rainfed sesame. Planting activities began in May this year, and 9,127 acres have already been planted as of today.

"This year's monsoon crop cultivation season, Ayadaw Township has planned to cultivate more than 40,000 acres of monsoon sesame. More than 9,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Kyaw Soe, Head of the Department of Agriculture in Ayadaw Township.

It is reported that this year, the Township Department of Agriculture in Ayadaw Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods. 206

# More than 3,000 acres of monsoon sesame planted in Sagaing Township

**Sagaing July 6**

Agricultural data from Sagaing Township Department of Agriculture in Sagaing Region stated that local farmers planted more than 3,000 acres of monsoon sesame in Sagaing Township this year.

During the 2026-2027 monsoon crop cultivation season, Sagaing Township has set a target to cultivate 24,633 acres of monsoon sesame, and planting activities have been carried out since May this year. As of today, 3,128 acres have already been planted.

"This year's monsoon crop cultivation season, Sagaing Township has set a plan to cultivate more than 24,000 acres of monsoon sesame. More than 3,000 acres have already been planted as of today. We are also making efforts to ensure that the targeted acreage is fully cultivated. We are carrying out activities to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said U Myo Thant Aung, Township Head of the Department of Agriculture in Sagaing Township.

This year, the Township Department of Agriculture in Sagaing Township has been providing awareness training to monsoon sesame growers on expanding sesame cultivation, proper cultivation methods, adopting GAP practices, using quality and pure seed varieties, and cultivating high-yielding varieties.

Crops cultivated and produced under the GAP system have advantages such as better quality and higher prices compared to crops produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops under the GAP system can gain greater benefits and improve their socio-economic livelihoods. 206

# Pale Township to grow more than 45,000 acres of rain-fed paddy this year

**Pale July 6**

The Township Agriculture Department stated that local farmers in Pale Township of Sagaing Region will grow more than 45,000 acres of rainfed paddy this year.

During the 2026-2027 monsoon crop cultivation season, Pale Township has set a target to cultivate 45,700 acres of rainfed paddy. The cultivation of monsoon paddy will be carried out from July to September this year.

"This year's monsoon crop cultivation season, Pale Township has planned to cultivate more than 45,000 acres of monsoon paddy. We will make efforts to ensure that the targeted acreage is fully cultivated. We will provide the necessary cultivation techniques and seeds for monsoon paddy farming. We will also conduct field activities to help farmers plant monsoon paddy on time," said Daw Khin Lay Nwe, Township Head of the Department of Agriculture in Pale Township.

It is reported that during this year's monsoon crop cultivation season, the Township Department of Agriculture and local farmers will work together to ensure that monsoon paddy is systematically cultivated without difficulties.

In Pale Township, farmers cultivating monsoon paddy will be provided with agricultural technical assistance, awareness on pest prevention, guidance to prevent crop damage and losses, and information on ensuring that harvested paddy reaches storage facilities under proper shelter in a timely manner.

It is also reported that staff from the Township Department of Agriculture will conduct field visits and provide agricultural technical guidance to ensure the success and good yields of the monsoon paddy fields cultivated in Pale Township this year. The support activities include selecting and using quality and pure seed varieties, monitoring pest infestations, conducting weeding and soil aeration, removing off-type plants, and applying fertilizers systematically. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံပိုင် Rostec ကုမ္ပဏီက ဒရုန်းဖျက်ကျည်ဆန်များကို ရှေ့တန်းရောက် ရုရှားတပ်ဖွဲ့များထံသို့ စတင်ပေးပို့နေ



ရုရှားနိုင်ငံပိုင် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းစုကြီးဖြစ်သော Ros- tec ကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ပစ်ချဖျက်ဆီးနိုင်မည့် Mno- gotochie ဒရုန်းဖျက်ကျည်ဆန်များကို ရှေ့တန်းရောက် ရုရှားတပ်ဖွဲ့များထံသို့ စတင်ပေးပို့နေပြီဖြစ်ကြောင်း Defence Blog သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် Mnogotochie ဒရုန်းဖျက်ကျည်ဆန်များ အမြောက်အမြား ထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး ရှေ့ပြေးစမ်းသပ်အသုံးပြုမည့် ပထမဆုံးတစ်သုတ်ကိုလည်း ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့များထံသို့ပေးပို့ထားပြီးဖြစ်ကြောင်း Rostec ကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

Mnogotochie ဒရုန်းဖျက်ကျည်ဆန်များကို Rostec ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော High Precision Systems က ထုတ်လုပ်ထားခြင်းဖြစ်ပြီး လက်ရှိရုရှားစစ်သည်များ ကိုင်ဆောင်ထားသည့် သမားရိုးကျ ရိုင်ဖယ်သေနတ်များတွင် အပိုပစ္စည်းများ၊ ပြောင်းဝအစိတ်အပိုင်းများ ထပ်မံ တပ်ဆင်ရန်မလိုဘဲ တိုက်ရိုက် ထည့်သွင်းပစ်ခတ်နိုင်မည့် ကျည်ဆန်အမျိုးအစား နှစ်မျိုးကို ထုတ်လုပ်ထားသည်။ ၎င်းတို့မှာ ၅.၄၅ x ၃၉ မီလီမီတာ ကျည်ဆန်အမျိုးအစား (SC 226) နှင့် ၇.၆၂ x ၅၄ မီလီမီတာ ကျည်ဆန်အမျိုးအစား (SC 228) တို့ဖြစ်ကြကြောင်း သိရသည်။

၎င်းကျည်ဆန်များ၏ ထူးခြားချက်မှာ ကြေးနီအလွှိုင်းဖြင့် ပြုလုပ်ထားပြီး တစ်ခုနှင့်တစ်ခု ထပ်လျက်သားရှိနေသော အစိတ်အပိုင်း သုံးခုဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ထိပ်ဖူးစနစ်ကို အသုံးပြုထားခြင်းဖြစ်သည်။ ၎င်းထိပ်ဖူးသည် သေနတ်ပြောင်းဝမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက်တစ်ခုချင်းစီအဖြစ် ညီတူညီမျှ ကွဲထွက်သွားပြီး သေးငယ်သော ကျည်ဆန်မှုန်များက မိုးတိမ်တိုက်သဖွယ် ဖြန့်ကြက်နိုင်သည်။

ထိုသို့ကွဲထွက်သွားသည့် အစိတ်အပိုင်းတစ်ခုချင်းစီသည် လေထဲတွင် လည်ပတ်ပျံသန်းသွားသဖြင့် ရိုင်ဖယ်သေနတ်၏ ပြောင်းဝအထိန်းကိရိယာကို ဖြတ်သန်းကာ တည်ငြိမ်မှုအပြည့်ရှိပြီး ပစ်မှတ်ကို တိကျစွာထိမှန်နိုင်စွမ်းရှိကြောင်း သိရသည်။

၎င်းကျည်ဆန်များသည် သမားရိုးကျ ကျည်အိမ်များနှင့် ပုံမှန်ယမ်းမှုန့်များကိုသာ အသုံးပြုထားခြင်းကြောင့် ရှိပြီးသား ကျည်ဆန်စက်ရုံများတွင် စက်ပစ္စည်း ယန္တရားများ အကြီးအကျယ်ပြောင်းလဲရန်မလိုဘဲ အလွယ်တကူ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ထုတ်လုပ်သောကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ၎င်းကျည်ဆန်များသည် သက်ဆိုင်ရာ ကျည်ဆန်အရွယ်အစားနှင့်ကိုက်ညီသည့် မည်သည့်သမားရိုးကျ AK-ရိုင်ဖယ်စီးရီး သေနတ်များတွင်မဆို တိုက်ရိုက်ထည့်သွင်းအသုံးပြုနိုင်ပြီး အသံတိတ်ပြောင်း တပ်ဆင်ထားသည့် ရိုင်ဖယ်များတွင်ပါ အသုံးပြုနိုင်သောကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ရန်သူ့ဒရုန်းများကို ပစ်ချရန်အတွက် ပြောင်းချောသေနတ်ကဲ့သို့သော အခြားသီးသန့်သေနတ်တစ်လက်ကို ထပ်မံသယ်ဆောင်သွားရန် မလိုအပ်တော့ကြောင်း သိရသည်။

**Rostec ships new anti-drone ammo to Russian troops** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန် Duke Robotics ကုမ္ပဏီက Bird of Prey ဒရုန်းလက်နက်စနစ်အတွက် အစ္စရေးကုမ္ပဏီ အမှာစာအသစ်ရရှိခဲ့

အမေရိကန်နိုင်ငံ ဖလော်ရီဒါအခြေစိုက် Duke Robotics ကုမ္ပဏီသည် ၎င်းတို့၏ Bird of Prey လက်နက်တပ်ဆင်ထားသော ဒရုန်းစနစ်အတွက် အစ္စရေးကုမ္ပဏီ Elbit ထံမှ အမှာစာအသစ်တစ်ခု ရရှိခဲ့ပြီး ယခုနှစ်နှောင်းပိုင်းတွင် ပစ္စည်းများ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု The Drone Front သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Bird of Prey ဒရုန်းလက်နက်စနစ်သည် Duke Robotics ကုမ္ပဏီနှင့် အစ္စရေးကုမ္ပဏီ Elbit တို့၏ ရေရှည်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ နိုင်ငံတကာဈေးကွက်တွင် ရောင်းချလျက်ရှိသော ဒရုန်းစနစ်တစ်ခုဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ Duke Robotics သည် Elbit ၏ အရောင်းရဆုံးငွေကြေးများမှ မူပိုင်ခွင့်ကြေးကို ရရှိမည်ဖြစ်ပြီး အမှာစာလက်ခံရရှိသည့်အချိန်ထက် ပစ္စည်းတင်ပို့သည့်အချိန်တွင်သာ ဝင်ငွေအဖြစ် အသိအမှတ်ပြုမည်ဖြစ်သည်။

Bird of Prey ဒရုန်းလက်နက်စနစ်သည် Duke Robotics ကုမ္ပဏီ၏ stabi- lization technology ကို အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်ရာ ရွေ့လျားနေသော ဝေဟင်ပလက်ဖောင်းများမှနေ၍ အဝေးကွာဆုံးနှင့် စိန်ခေါ်မှုများသော တိုက်ခိုက်ရေးမစ်ရှင်များတွင် တိကျမှန်ကန်သောပစ်ခတ်မှုများကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါစနစ်သည် ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများ၊ တိုက်ပွဲဝင် စီမံခန့်ခွဲမှုစနစ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး လက်နက်ငယ်အမျိုးအစားအမျိုးမျိုးနှင့်လည်း တွဲဖက်အသုံးပြုနိုင်သည်။

ရုပ်ထွက်ကြည်လင်သော အဆင့်မြင့်အီလက်ထရွန်နစ် အလင်းပြန်စနစ်နှင့် အပူချိန်အခြေခံသည့် ကင်မရာများ တပ်ဆင်ထားသည့် ဝန်ဆောင်မှု၏ အလေးချိန်မှာ ၂၃ ကီလိုဂရမ်အောက်သာရှိပြီး၊ မိနစ် ၄၀ မှ ၄၅ မိနစ်ထိ ဆက်တိုက်လုပ်ဆောင်နိုင်စွမ်းရှိသည်။

လက်ရှိတွင် NATO အဖွဲ့ဝင်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနှင့် အခြားဒေသများ၌ နည်းဗျူဟာမြောက် ဒရုန်းစနစ်များအတွက် ကာကွယ်ရေးအသုံးစရိတ်များ မြင့်တက်လာလျက်ရှိရာ နိုင်ငံတကာစစ်ဘက်များအနေဖြင့် အဝေးထိန်းစနစ်သုံး ပလက်ဖောင်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။

Bird of Prey ဒရုန်းလက်နက်စနစ်၏ အောင်မြင်မှုသည် ခေတ်သစ်စစ်မြေပြင်တွင် အဝေးထိန်းစနစ်သုံး လက်နက်ပလက်ဖောင်းများ၏ အခန်းကဏ္ဍသည် အရေးပါလာကြောင်းကို အဓိကဖော်ပြနေသည်။ ၎င်းစနစ်၏ အဓိကအားသာချက်မှာ Duke Robotics ကုမ္ပဏီ၏ မူပိုင်နည်းပညာဖြစ်ပြီး ရွေ့လျားနေသော ဒရုန်းကိုယ်ထည်မှနေ၍ တိကျသောပစ်ခတ်မှုများကို လုပ်ဆောင်ပေးနိုင်ခြင်းသည် မြို့ပြစစ်ဆင်ရေးကဲ့သို့သော ရှုပ်ထွေးသည့် ပတ်ဝန်းကျင်တွင် အလွန်ထိရောက်မှုရှိသည်။ ထို့အပြင် ၎င်းသည် ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများတွင် အလွယ်တကူ ပေါင်းစပ်အသုံးပြုနိုင်ခြင်းနှင့် ခဲယမ်းအလေးချိန်ပေါ့ပါးမှုတို့ကြောင့် နည်းဗျူဟာမြောက် စစ်ဆင်ရေးများတွင် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ လက်ရှိတွင် NATO နိုင်ငံများအပါအဝင် ကမ္ဘာ့အင်အားကြီး စစ်ဘက်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလက်နက်စနစ်များကို ဦးစားပေးရင်းနှီးမြှုပ်နှံလာခြင်းသည် Bird of Prey ကဲ့သို့သော တိကျသေချာသည့် တိုက်ခိုက်ရေးဒရုန်းစနစ်များ၏တန်ဖိုးကို ပိုမိုမြင့်မားလာစေကြောင်း သိရသည်။

**Duke Robotics Confirms New Elbit Order for ‘Bird of Prey’ Drone Weapon** ကို ဘာသာပြန်ဆိုထားပါသည်။



မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၁၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၁၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၅၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် မေလက ငါးဖယ်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လတစ်လအတွင်း ငါးဖယ်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ပြီးခဲ့တဲ့တစ်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ငါးဖယ်တွေ မှာယူမှုရှိနေပါတယ်။ အခုလို ငါးဖယ်တွေ အများအပြားတင်ပို့ရောင်းချလာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာတာ တွေ့ရပါတယ်''ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ကာ ငွေကျပ် ၁၉၅၀၀ မှ ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကဝမြို့နယ် အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကဝ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၂ သိန်း ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အလယ်ရွာကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၇၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆားတိုင်ကျေးရွာအုပ်စု ဆားတိုင်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဆားတိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆားတိုင်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ 6.96KW ဆိုလာရေတင်စနစ်တပ်ဆင်ခြင်း၊ အရှည်ပေ ၁၂၀ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၄၆၄ သန်းဖြင့် Zenith Creative Construction Co.Ltd မှ ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး


ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်းထန်၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့ ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ဇယား(၁)ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဇယား(၂)ကိုလည်းကောင်း ဥပဒေပြုရပါကြောင်း၊ နိုင်ငံတော်၏ရည်မှန်းချက်တာဝန်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့်ကိုယ်စားလှယ်များရှိသည့်နေရာဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ ပြယုဂ်လည်းဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးနှင့် ပြည်သူကို ကိုယ်စားပြုရေးဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီ လွတ်လပ်စွာဥပဒေပြုရသည့်မဏ္ဍိုင်များဖြစ်၍ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) ကိုလည်း ဖွဲ့စည်းထားပါကြောင်း။

မိမိတို့လွှတ်တော်တွင် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာလွှတ်တော်၏ လုပ်ဆောင်ချက်များကို ပြည်သူများနေ့စဉ် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် Website နှင့် Social Media များတွင်ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထို့ပြင် လွှတ်တော်သို့ပြည်သူများလာရောက်လေ့လာနိုင်ရန်ဖိတ်ခေါ်လျက်ရှိပြီး လွှတ်တော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များအနေဖြင့် အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန်အတွက် အာဆီယံပါလီမန်များညီလာခံ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီများကိုဖွဲ့စည်းပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလွှတ်တော်အစည်းအဝေးများကျင်းပနေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA–PC)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စောအောင်ကောင်းရွှေနှင့် စောသြဘာ၊ စီးပွားရေးဌာနမှူး စောဒေးဗစ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့သည် မိမိတို့နှင့်စဉ်ဆက်မပြတ်လက်တွဲဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက်လည်း ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒေါက်တာနော်ကပေါ်ထူးက နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးဆက်လက်လျှောက်လှမ်းရန်အတွက် ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်ကြောင်း၊ ငြိမ်းချမ်းရေး လမ်းဆက်လက်လျှောက်လှမ်းနိုင်ရန် ဖိတ်ခေါ်မှုအတွက် ဝမ်းသာကြောင်း၊ ငြိမ်းချမ်းရေးမပျက်သေးဘဲ ယနေ့ကဲ့သို့ အခွင့်အရေးရသည့်အတွက် များစွာဂုဏ်ယူကြောင်း၊ ရိုးသားဖြူစင်စွာဖြင့် ငြိမ်းချမ်းရေးကိုဆောင်ရွက်ပါက လွယ်ကူနိုင်မည်ဖြစ်ပြီး ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာတင်ပြမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်း လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက NCAကိုဆက်လက်အကောင်အထည်ဖော်ပြီး ဒေသတွင်း တိုက်ပွဲများမဖြစ်ပွားအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးနှင့် ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရကပံ့ပိုးဆောင်ရွက်ပေးရေး၊ ထော့ကိုကိုးဒေသရှိ စာသင်ကျောင်းများအတွက် လိုအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေး၊ သောက်ရေသန့်စက်နှင့်ရေသန့်ရရှိရေး၊ ငှက်ဖျားကာကွယ်ဆေး၊ ကုသဆေး၊ ဆက်စပ်ဆေးဝါးအထောက်အပံ့များ၊ တုပ်ကွေးကာကွယ်ဆေးနှင့် တီဘီရောဂါဆေးဝါးများကို ထောက်ပံ့ပေးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ပဋိပက္ခများလျှော့ချရေးနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များကို NSPNCမှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လမ်းကြောင်းမှ သွေဖည်သွားသည့်အဖွဲ့များ၊ NCA လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စ၊ ဒေသတွင်း ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် လက်အောက်ခံအဖွဲ့များကို စနစ်တကျထိန်းသိမ်းပေးရေး၊ Bilateral တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် နည်းလမ်းများရှာဖွေနိုင်ရေးကိစ္စရပ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ အုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအနီး မြေနေရာ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်





နေရာများ၌ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးပြီး တပ်ဖွဲ့ဝင်ဝန်ထမ်းများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှု လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၇၀၊ ဂျပန်ချယ်ရီပင် ၁၀၀၊ ပိတောက် ၁၅၄ ပင်၊ ငုဝါ ၁၆၁ပင်၊ စိန်ပန်း ၁၆၃ ပင်၊ ခရေ ၁၉၂ ပင် စုစုပေါင်း ပျိုးပင် ၁၀၄၀ ကိုစိုက်ပျိုးခဲ့ပြီး ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၁၂၇ ပင်၊ ပျဉ်းကတိုးပင် ၂၀၀၊ ဂျပန်ချယ်ရီ ၇၆ ပင်၊ ပိတောက် ၂၁၈ ပင်၊ ငုဝါ ၁၁၈ ပင်၊ စိန်ပန်း ၁၆၁ပင်၊ ခရေပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၁၁၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် ကျင်းပသည့် ငွေရေးကြေးရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် ဇွန် ၂၉ ရက်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်၌ တွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မော်စကိုမြို့ရှိ စဘားဘဏ် (Sber Bank) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ၎င်းဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စဘားဘဏ် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ဆိုက်ဘာလုံခြုံရေးနည်းပညာ၊ ငွေကြေးလိမ်လည်မှု စိစစ်တိုက်ဖျက်ရေးနည်းပညာ၊ မိုဘိုင်းဖုန်းနှင့် ကတ်မလိုအပ်ဘဲ ဇီဝအချက်အလက် (Biometrics) အသုံးပြုနည်းပညာတစ်ခုဖြစ်သည့် "Smile Pay"ငွေပေးချေမှုစနစ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက်မှ ၃ ရက်ထိ စိန့်ပီတာစဘတ်မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်က ကျင်းပသည့် ငွေရေးကြေးရေးညီလာခံသို့ တက်ရောက်ပြီး နိုင်ငံတကာငွေရေးကြေးရေးဈေးကွက်တွင် နည်းပညာအသစ်များဖြစ်ပေါ်တိုးတက်မှုနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ရုရှားရူဘယ်လ်ကိုအခြေခံသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း အသုံးပြုမှုများ၊ ခရစ်တိုငွေကြေးသုံးစွဲလာမှုနှင့်အတူ ဘဏ်လုပ်ငန်းကြီးကြပ်သူများ၏ စည်းမျဉ်းစည်းကမ်းများဖြင့် ခိုင်မာစွာကြီးကြပ်ရန်လိုအပ်မှုများ၊ မက်ခရိုစီးပွားရေးတည်ငြိမ်မှုဆိုင်ရာမူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ ငွေရေးကြေးရေးညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အမြင်ချင်းဖလှယ်သည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။




အဆိုပါ ငွေရေးကြေးရေးညီလာခံသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လူဦးရေ ၁၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊ အီဂျစ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် နီကါရာဂွာနိုင်ငံတို့၏ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှအကြီးအကဲများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နီကါရာဂွာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် နီကါရာဂွာနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရိုးရာခြင်းလုံးပြိုင်ပွဲမှ

ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲပွဲစဉ်များအဖြစ် Linking Event-3 အမျိုးသမီးပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်ဖြင့် ဒုတိယဆု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၀ ဖြင့် ပထမဆု၊ Linking Event-3 အမျိုးသားပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၉၉ မှတ်ဖြင့် ဒုတိယဆု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၅၀၆ မှတ်ဖြင့် ပထမဆု၊ လေးပေါက်တန်းအမျိုးသမီးပြိုင်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၆၂ မှတ်ဖြင့် ဒုတိယဆု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၆၅၁ မှတ်ဖြင့် ပထမဆု၊ ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၃၂၉ မှတ်ဖြင့် ဒုတိယဆု၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၄၄၁ မှတ်ဖြင့် ပထမဆုများရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ နာယကနှင့် ဒုတိယဝန်ကြီးတို့က အတိုးတက်ဆုံးအသင်းဆုများရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသူ၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိသူ၊ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသူနှင့် အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ဆုဖလားများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က အမျိုးသမီး Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသား Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်တို့က အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့်အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တံခွန်စိုက်ဆုဖလားများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်နိုင်ငံ မဟာဗျူဟာမြောက်မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၃)

မိုးဦးကာလရဲ့ လတ်ဆတ်တဲ့ လေပြည်လေညင်းနဲ့အတူ မဲခေါင်မြစ်ဝှမ်းဒေသဟာ စိမ်းလန်းစိုပြည်လျက်ရှိနေပါတယ်။ အပူအအေးမျှတတဲ့ ဇူလိုင်လရဲ့ သာယာတဲ့မနက်ခင်းတစ်ခုပဲဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့နေ့ရက်မှာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘာ့အမွေအနှစ်မြို့တော်ဖြစ်တဲ့ လွှန်ပရာဘန် (Luang Prabang) ဆီကို ခရီးဆက်ခဲ့ကြပါတယ်။

ခရီးစဉ်အစ ဗီယင်ကျန်းမြို့ရဲ့ ဝပ်တိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှာတော့ လာအိုသမ္မတရုံးဝန်ကြီး မစ္စစ်ဖွန်းစမွတ် အန်လာဝန်နဲ့ အစိုးရအဖွဲ့အဆင့်မြင့်အရာရှိကြီးတွေက ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ လှိုက်လှဲစွာပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ လေယာဉ်ဟာ မဲခေါင်မြစ်ကြောင်းအတိုင်း ပျံသန်းလာခဲ့ပြီး လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆိုက်ရောက်တဲ့အခါမှာတော့ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H.E. Mr. Bounleuam MANIVONG နဲ့ ဇနီးတို့က နွေးထွေးစွာကြိုဆိုခဲ့ကြပါတယ်။ ကော်ဇောနီလျှောက်လမ်း ဘေးတစ်ဖက်တစ်ချက်မှာ နှစ်နိုင်ငံအလံငယ်လေးတွေကို အားတက်သရော ဝှေ့ယမ်းနေကြတဲ့ လာအိုကင်းထောက်လူငယ်မောင်မယ်လေးတွေရဲ့ မြင်ကွင်းဟာ နှစ်နိုင်ငံကြားက နှုတ်ပျိုလန်းဆန်းနေဆဲဖြစ်တဲ့ သံတမန်ရေးရာချစ်ကြည်မှုကိုပေါ်လွင်စေတဲ့ လှပတဲ့နောက်ခံမြင်ကွင်းတစ်ခုပဲဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကို ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (၅-၇-၂၀၂၆)

**ယခုလို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာပြီးဆုံးသွားခြင်းဟာ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနှစ်နိုင်ငံကြားမှာ ရှိရင်းစွဲ သံတမန်ရေးအင်အားကို ပိုမိုခိုင်မာစေရုံတင်မကဘဲ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးရေးနဲ့ ခရီးသွားလာရေးကဏ္ဍတွေမှာပါ လက်တွေ့ကျကျ ပူးပေါင်းလုပ်ဆောင်ဖို့ လမ်းပွင့်သွားစေပါတယ်။ မဲခေါင်မြစ်ရေ တသွင်သွင်စီးဆင်းနေသလိုပဲ နှစ်နိုင်ငံ ချစ်ကြည်ရေးဟာလည်း အစဉ်ထာဝရ ဆက်လက်စီးဆင်းနေမှာဖြစ် . . .**

### တော်ဝင်နန်းတော်ပြတိုက်နှင့် “ဖဘန်” ဘုရားသမိုင်းကြောင်း

ကိုယ်စားလှယ်အဖွဲ့ရဲ့ ပထမဆုံး လေ့လာရေးနေရာကတော့ မဲခေါင်မြစ်ကမ်းပါးပေါ်မှာ ခံ့ညားထည်ဝါစွာ တည်ရှိပြီး လာအိုနိုင်ငံရဲ့ အမြင့်မြတ်ဆုံးနေရာအဖြစ် ထိန်းသိမ်းထားတဲ့ တော်ဝင်နန်းတော်ပြတိုက် (Royal Palace Mu-seum)ပဲ ဖြစ်ပါတယ်။

ဒီနန်းတော်ဟာ မူလက ကျွန်းသစ်တွေနဲ့သာ ဆောက်လုပ်ခဲ့တာဖြစ်ပြီး နောက်ပိုင်း ပြန်လည်ပြုပြင်တဲ့အခါ ပြင်သစ် Beaux လက်ရာတွေနဲ့ လာအိုရိုးရာဗိသုကာပုံစံကို အချိုးကျရောနှောပြီး အုတ်နဲ့ အစားထိုးတည်ဆောက်ခဲ့တာပါ။ ၁၉၇၅ ခုနှစ်မှာ လာအိုတို့အာဏာရရှိလာပြီး ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့တဲ့အခါ တော်ဝင်မိသားစုတွေ ထွက်ခွာသွားခဲ့ပြီး အမျိုးသားပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ ပြင်သစ်ကိုလိုနီခေတ် ဗိသုကာနဲ့ လာအိုရိုးရာအနုပညာပေါင်းစပ်မှု ပြောင်မြောက်တာကြောင့် ယူနက်စကို (UNESCO) က လွှန်ပရာဘန်မြို့တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် သတ်မှတ်ရာမှာ ဒီနန်းတော်ကြီးဟာ မြို့ရဲ့သမိုင်းဝင် အမွေအနှစ်ဗဟိုချက် (Core Zone)ဖြစ်လာခဲ့ပါတယ်။

နန်းတော်ပြတိုက်ရဲ့ ဝင်ပေါက်ညာဘက်မှာတော့ ၁ ရာစုက သီရိလင်္ကာ နိုင်ငံမှာ သွန်းလောင်းခဲ့ပြီး ၁၃၅၉ ခုနှစ်မှာ ခမာဘုရင်က ၎င်းရဲ့သမက် လာအိုဘုရင် Fa Ngum ကို လက်ဆောင်ပေးခဲ့တဲ့ လာအိုတို့ရဲ့ အထွတ်အမြတ်ရှေးဟောင်း “ဖဘန်” ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ရှိပါတယ်။ (အဆိုပါ ကျောင်းဆောင်ကို ၁၉၆၃ မှာ စတင်ဆောက်လုပ်ခဲ့ပေမယ့် ပြည်တွင်းစစ်ကြောင့် ရပ်နားခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်ကျမှ လုပ်ငန်းပြန်စတာကြောင့် ၂၀၀၆ ခုနှစ်မှပဲ တရားဝင်ဖွင့်လှစ်နိုင်ခဲ့တာဖြစ်ပါတယ်။)

နိုင်ငံတော်သမ္မတနဲ့ ဇနီးတို့ဟာ “ဖဘန်”ဘုရားကို ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်း၊ ရွှေကြာ သင်္ကန်းတို့ကပ်လှူခဲ့ကြသလို လာအိုပြည်သူတွေ ဖူးမြော်နိုင်ဖို့အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ ဘုရားကြီးတည်ဆောက်မှုသမိုင်းမှတ်တမ်းစာအုပ်ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဆက်လက်ပြီး ရှေးဘုရင်တွေရဲ့ အသုံးအဆောင်ပစ္စည်းတွေကို လှည့်လည်ကြည့်ရှုကာ ဧည့်သည်တော်မှတ်တမ်းမှာ လက်မှတ်ရေးထိုးပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပါတယ်။

### အာရှတိုက်၏ အလှပဆုံး ဝပ်စီယမ်သုန် ဘုရားကျောင်း

မွန်းလွဲပိုင်းရာသီဥတုက အနည်းငယ် စိုစွတ်ထိုင်းမှိုင်းနေပေမယ့် ဝပ်စီယမ်သုန် ဘုရားကျောင်းတော်ကြီးကို ရောက်ရှိသွားတဲ့အခါမှာတော့ စိတ်နှလုံးကို အေးချမ်းသွားစေပါတယ်။ ဝပ်စီယမ်သုန် (Wat Xieng Thong)ဟာ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်ရာအဓိကနေရာတစ်ခုပါ။

ဒီဘုရားကျောင်းကြီးကို ၁၅ ရာစုအတွင်း ဘုရင် Saya Setthathirath လက်ထက်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၅၆၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ လာအိုနိုင်ငံရဲ့ ဗိသုကာလက်ရာတွေထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ပြီး ရွှေနဲ့အနုစိတ်စီခြယ်ထားတဲ့ မျက်နှာစာ၊ မှန်စီရွှေချ ရွှေရောင်စုံပန်းချီကားတွေနဲ့ သိမ်တော်ရဲ့ ခေါင်မိုးဗိသုကာလက်ရာတွေကြောင့်အာရှမှာ အလှပဆုံးဘုရားကျောင်းတစ်ကျောင်းအဖြစ် ကျော်ကြားပါတယ်။

နိုင်ငံတော်သမ္မတနဲ့ ဇနီးတို့ဟာ ကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကာ ဆီမီး၊ ပန်း၊ ရွှေကြာ သင်္ကန်းများ ကပ်လှူပူဇော်ခဲ့ပြီး ဒီနေရာမှာလည်း အများပြည်သူဖူးမြော်နိုင်ဖို့အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ သမိုင်းမှတ်တမ်းစာအုပ်ကိုထပ်မံလှူဒါန်းခဲ့ပါတယ်။

### ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပေါင်းကူးတံတား

မြန်မာနဲ့ လာအိုနှစ်နိုင်ငံဟာ မဲခေါင်မြစ်ရေကို အတူသောက်ကြတဲ့ အိမ်နီးချင်းကောင်း ပထဝီဝင်အနေအထား ရှိရုံတင်မကဘဲ ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှုမှာလည်း အလွန်နက်ရှိုင်းတဲ့ တူညီချက်တွေရှိနေတာကို ဒီခရီးစဉ်က သက်သေပြနေပါတယ်။

မြန်မာ့ကိုယ်စားလှယ် အဖွဲ့အနေနဲ့ လာအိုတို့ရဲ့ အထွတ်အမြတ်ထားရာ နေရာတွေဖြစ်တဲ့ “ဖဘန်”ဘုရားနဲ့ ဝပ်စီယမ်သုန် ကျောင်းတော်တို့မှာ မြန်မာနိုင်ငံရဲ့ အထင်ကရဆင်းတုတော်ဖြစ်တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို လှူဒါန်းခဲ့ခြင်းဟာ သာမန်သံတမန်ရေးရာ ဆက်ဆံရေးထက် ပိုမိုမြင့်မားတဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ပေါင်းကူးတံတားကို ခိုင်ခိုင်မာမာ တည်ဆောက်လိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ အပြန်အလှန် လေးစားမှု၊ တူညီတဲ့ ယုံကြည်ကိုးကွယ်မှု သမိုင်းကြောင်းတွေကိုအခြေခံပြီး နောင်အနာဂတ် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ခရီးသွားလာရေးကဏ္ဍတွေထိပါ အပြုသဘောဆောင်တဲ့ သက်ရောက်မှုတွေကို သယ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

### လွှန်ပရာဘန်နှင့်ပုဂံညီအစ်မ မြို့တော်များ၏ သမိုင်းကွန်ရက်

မဲခေါင်မြစ်ဝှမ်းတစ်ကြောမှာ ရှိတဲ့ လွှန်ပရာဘန်မြို့လေးဟာ အေးမြတဲ့ မိုးဖွဲဖွဲလေးနဲ့အတူ ဆွဲဆောင်မှုရှိလှပါတယ်။ ဒီလို သာယာလှပတဲ့ ဇူလိုင် ၅ ရက် မနက်ပိုင်းမှာတော့ လာအိုနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဘွန်လူအမ် မနိဝုန်က ခေတ္တတည်းခိုရာ ဟိုတယ်မှာ လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲကိုကြည့်ရင် နှစ်နိုင်ငံကြားက ထူးခြားတဲ့သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုဆက်စပ်မှုကို သတိပြုမိမှာပါ။ တကယ်တော့ လွှန်ပရာဘန်ဆိုတာ လာအိုနိုင်ငံရဲ့ ရှေးဟောင်း လန်ဆန်းမင်းနေပြည်တော်ကြီးဖြစ်ခဲ့သလို ယူနက်စကို (UNESCO)ရဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံထားရတဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုထွန်းကားရာ မြို့တော်ကြီးလည်း ဖြစ်ပါတယ်။

စိတ်ဝင်စားဖို့ ကောင်းတာက ဒီလွှန်ပရာဘန်မြို့နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အသည်းနှလုံးဖြစ်တဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ဟာ ညီအစ်မမြို့တော် (Sister City)တွေ ဖြစ်ကြတာပါပဲ။

ဒါကြောင့်လည်း တွေ့ဆုံပွဲမှာ လွှန်ပရာဘန်နဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း အချက်အချာမြို့တွေဖြစ်တဲ့ ပုဂံ၊ ရန်ကုန်၊ မန္တလေးနဲ့ ကျိုင်းတုံမြို့တွေအကြား ခရီးသွားကဏ္ဍနဲ့ လူမှုစီးပွားကူးလူးဆက်ဆံမှုတွေ ပိုမိုတိုးမြှင့်ဖို့ အလေးအနက် ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေးနဲ့ ခရီးသွားကဏ္ဍကနေ နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးကျေးဇူးတွေ အများကြီးရရှိနိုင်မယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါတယ်။

### ‘ဘာစီ’ မင်္ဂလာကြိုးဖြူနှင့် မဲခေါင်မြစ်မှ ကမ်းဆင့်သည့်မေတ္တာ

တွေ့ဆုံပွဲအပြီးမှာတော့ လာအိုနိုင်ငံရဲ့ အရိုးရှင်းဆုံးနဲ့ အနှစ်သာရအရှိဆုံး ရိုးရာဆုတောင်းပွဲတစ်ခုဖြစ်တဲ့ ‘ဘာစီပွဲတော်’ကို ဆက်လက်ကျင်းပခဲ့ပါတယ်။ မိုးသက်လေပြည်လေးတွေ တိုက်ခတ်နေတဲ့ ရာသီဥတုအောက်မှာ မင်္ဂလာဆီမီးများကို အတူတကွထွန်းညှိပူဇော်ခဲ့ကြတာဟာ မြင်ရသူအဖို့ စိတ်ကြည်နူးစရာကောင်းလှပါတယ်။

ဘာစီပွဲတော်ရဲ့ အဓိကအလှတရားကတော့ လက်ကောက်ဝတ်မှာ (Sai Sin) လို့ခေါ်တဲ့ မင်္ဂလာကြိုးဖြူလေးတွေ ချည်နှောင်ပြီး ဆုတောင်းပေးကြတာပါပဲ။

လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနဲ့ ဇနီး၊ အစိုးရအဖွဲ့ဝင်တွေက မြန်မာနိုင်ငံတော်သမ္မတနဲ့ ဇနီး၊ အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်တွေရဲ့ လက်တွေမှာ မင်္ဂလာကြိုးဖြူလေးတွေ ချည်နှောင်ပြီး ဆုမွန်ကောင်းတောင်းပေးခဲ့ကြပါတယ်။ ဒါဟာ ရိုးရာဓလေ့တစ်ခုတင်မကဘဲ နှစ်နိုင်ငံပြည်သူတွေကြားက ခိုင်မြဲတဲ့သံယောဇဉ်နဲ့ သံတမန်ရေးရာ ချစ်ကြည်မှုကိုပြသတဲ့ သင်္ကေတတစ်ခုလည်း ဖြစ်ပါတယ်။ **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ဆုတောင်းပွဲအပြီးမှာတော့ ဒေသထွက်အစားအစာတွေနဲ့ တည်ခင်းတဲ့ ဂုဏ်ပြုနေ့လယ်စာစားပွဲကို တက်ရောက်ခဲ့ကြပြီး လာအိုရိုးရာယဉ်ကျေးမှုအဖွဲ့ရဲ့ ကပြဖျော်ဖြေမှုတွေ၊ သီဆိုတီးမှုတ်မှုတွေနဲ့အတူ ရင်းရင်းနှီးနှီး အတူတကွ သုံးဆောင်ခဲ့ကြပါတယ်။

**ချစ်ကြည်ရေးသဝဏ်လွှာနှင့် အိမ်အပြန်ခရီး**

အခုအခါ လွှန်ပရာဘန်မြို့ရဲ့ အလှအပတွေနဲ့ ရိုးရာ'ဘာစီ'ပွဲတော် အကြောင်း ပြောပြခဲ့ပြီးပြီဆိုတော့ အောင်မြင်မှုအသီးအပွင့်များ ဝေဆာခဲ့တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ ချစ်ကြည်ရေးခရီးစဉ် နောက်ဆုံးအပိုင်းနဲ့ အမိမြေကို ပြန်လည်ရောက်ရှိလာပုံ အကြောင်း ဆက်ပြီးပြောပြချင်ပါတယ်။

ဇူလိုင် ၅ ရက်ရဲ့ မွန်းလွဲပိုင်းရာသီဥတုကတော့ မိုးတိမ်ဖြူဖြူလေးတွေ လွင့်မျောနေပြီး မဲခေါင်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြည်ညင်းကြောင့် အနည်းငယ်အေးမြလို့နေပါတယ်။ ဒီလိုအချိန်မှာပဲ လာအိုသမ္မတ မစ္စတာ ထောင်လွှန်းဆီဆုလစ်ရဲ့ ဖိတ်ကြားချက်အရ ရောက်ရှိနေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ဇနီး ဒေါ်ကြူကြူလှတို့ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ လွှန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ အမိမြန်မာနိုင်ငံကို ပြန်လည်ထွက်ခွာဖို့ ပြင်ဆင်နေကြပါတယ်။

**လွှန်ပရာဘန်၏ နှုတ်ဆက်ညနေ**

လေဆိပ်ရဲ့ ကော်ဇောနီလျှောက်လမ်းထက်မှာတော့ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနဲ့ ဇနီး၊ လာအိုအစိုးရအဖွဲ့အရာရှိကြီးတွေ၊ မြန်မာသံအမတ်ကြီး ဦးအောင်ကိုနဲ့ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနဲ့ဇနီး၊ တာဝန်ရှိသူများက နွေးထွေးစွာ လိုက်ပါပို့ဆောင်ခဲ့ကြပါတယ်။

ဒီနေရာမှာ အပေါ်လွင်ဆုံး နောက်ခံမြင်ကွင်းတစ်ခုကတော့ ကော်ဇောနီရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ နေရာယူထားတဲ့ လာအိုကင်းထောက် လူငယ်မောင်မယ်လေးတွေပါပဲ။ သူတို့လေးတွေဟာ မြန်မာနဲ့ လာအို နှစ်နိုင်ငံအလံငယ်လေးတွေကို တက်ကြွစွာဝှေ့ယမ်းပြီး ရိုးသားဖြူစင်တဲ့ အပြုံးတွေနဲ့ နှုတ်ဆက်နေကြပါတယ်။ ဒါဟာ နိုင်ငံနှစ်ခုရဲ့ အနာဂတ် မျိုးဆက်သစ်တွေကြားက ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းနေတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။

**နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိခြင်း**

ညနေပိုင်း ရောက်တဲ့အခါမှာတော့ အထူးလေယာဉ်ဟာ မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ နေပြည်တော် တပ်မတော်လေဆိပ်ကို ပြန်လည်ဆိုက်ရောက်လာခဲ့ပါတယ်။ နေပြည်တော်ရဲ့ ဇူလိုင်လ ညနေခင်းက လေပြည်လေညင်း တသွေးသွေး၊ မိုးနံ့လေးတမွှေးမွှေးနဲ့ ကြိုဆိုလျက်ရှိနေပါတယ်။

လေဆိပ်မှာတော့ ဒုတိယသမ္မတ ဦးညိုစောနဲ့ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနဲ့ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနဲ့ ဇနီးတို့အပြင် ပြည်ထောင်စုဝန်ကြီးများနဲ့ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးနဲ့ စစ်သံရုံးမှ တာဝန်ရှိသူတို့က လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ခရီးစဉ်အတွင်းမှာ လာအိုနိုင်ငံသမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့နဲ့တွေ့ဆုံပြီး နိုင်ငံရေး၊ သံတမန်ရေးရာ မြှင့်တင်နိုင်ခဲ့ခြင်း၊ လာအိုရဲ့ အသေးစား၊ အငယ်စား စက်မှုလုပ်ငန်းတွေကို သွားရောက်လေ့လာပြီး စီးပွားရေးအမြင်ချင်း ဖလှယ်နိုင်ခဲ့ခြင်း၊ ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုးစေတီတွေနဲ့ အထင်ကရနေရာတွေကို သွားရောက်ဖူးမြော်ပြီး ယဉ်ကျေးမှုချင်း ထိတွေ့နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုလို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာပြီးဆုံးသွားခြင်းဟာ အာဆီယံအဖွဲ့ဝင် အိမ်နီးချင်းနှစ်နိုင်ငံကြားမှာ ရှိရင်းစွဲသံတမန်ရေးအင်အားကို ပိုမိုခိုင်မာစေရုံတင်မကဘဲ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးရေးနဲ့ ခရီးသွားလာရေးကဏ္ဍတွေမှာပါ လက်တွေ့ကျကျ ပူးပေါင်းလုပ်ဆောင်ဖို့ လမ်းပွင့်သွားစေပါတယ်။ မဲခေါင်မြစ်ရေ တသွင်သွင်စီးဆင်းနေသလိုပဲ နှစ်နိုင်ငံချစ်ကြည်ရေးဟာလည်း အစဉ်ထာဝရ ဆက်လက်စီးဆင်းနေမှာ ဖြစ်တဲ့အကြောင်း မဲခေါင်မြစ်ဝှမ်းမှ စာသဝဏ်ကမ်းဆင့်လို့ သတင်းစကားပါးလိုက်ရပါတယ်။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဝပ်စီယမ်သုန် ဘုရားကျောင်းအတွင်း အများပြည်သူ ဖူးမြော်နိုင်ရန် အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်တစ်ဆူအား လှူဒါန်းစဉ်။ (၅-၇-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (၅-၇-၂၀၂၆)

---

**ရှေ့ဖုံးမှအဆက်**

ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှဘုံကြိုးဝိုင်း အကွက်အမှတ်(၁၅)ရှိ ဧရိယာ ဧက ၂၀၀ တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားလေးမျိုးဖြစ်သည့် ကုက္ကို၊ စစ်၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း အလုံး ၁၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ နယ်မြေခံလေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချသည်။

ဆက်လက်၍ ရှမ်းပြည်နယ်တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောရှိ ဧရိယာ ဧက ၄၃၀ တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားလေးမျိုးဖြစ်သည့် ကုက္ကို၊ ဘောစကိုင်း၊ မဲဇလီ၊ အော်ရေးရှားသစ်စေ့များဖြင့်ပြုလုပ်ထားသော သစ်စေ့မြေလုံးစုစုပေါင်း အလုံး ၂၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလိုင်းတစ်၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သစ်စေ့မြေလုံးများ ရဟတ်ယာဉ်ဖြင့် ကြဲချခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့်ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့်စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ယခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်းရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်းအောင်မြင်ရှင်သန်မှုအခြေအနေများကို ယခုနှစ်ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက်ပေါက်ရောက်မှု၊ ရှင်သန်မှုအခြေအနေများကို စာရင်းကောက်ယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အင်းတော်မြို့နယ်မှ**

ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

**၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် တရားသူကြီးနှင့် ရှေ့နေများလိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့တော်ခန်းမတစ်ခုနှင့် ဘောလုံးကွင်း တစ်ကွင်း တည်ဆောက်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲဆောင်ရွက်ပေးနိုင်ရေး၊ စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြေအငှားဂရန် ထုတ်ပေးနိုင်ရေးနှင့် မြေအငှားဂရန်အမည်လွှဲပြောင်းခွင့်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းနေအရွယ် အသက်ငါးနှစ် ကလေးများ စာရင်းကောက်ယူခြင်းနှင့် စာသင်ခန်းသို့ အရောက်ပို့ဆောင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခုမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးခြင်းနှင့် တရားသူကြီးများနှင့် ရှေ့နေများပါဝင်သော Joint Training Program များ တရားလွှတ်တော်ချုပ်က စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ရှေ့နေများအတွက် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို ရှေးယခင်ကပင် သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပြီး ခေတ်အဆက်ဆက်တရားစီရင်ထုံးများဖြင့်လည်း လမ်းညွှန်ပြသမှုများပြုခဲ့ပါကြောင်း၊ ထိုနည်းတူစွာပင် တရားသူကြီးများဘက်ကလည်း မိမိတို့၏ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြုမူနေထိုင်ခြင်းအားဖြင့် ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပါအဝင် တရားရုံးအသုံးပြုသူများ၏ ယုံကြည်လေးစားမှုကိုရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတင်ပြသကဲ့သို့ ကျင့်ဝတ်နီတိများ ကျယ်ပြန့်စွာပညာပေးခြင်းသည် လွန်စွာအရေးကြီးကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကလည်း သတိပြုမိခဲ့ပါကြောင်း။

ထို့ကြောင့် ယခင်က အထက်တန်းရှေ့နေလိုင်စင်ပေးအပ်ခြင်းများကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း ၃၁-၁-၂၀၂၆ ရက်မှစတင်ပြီး အထက်တန်းရှေ့နေလက်မှတ်လက်ခံရယူမည့် အလုပ်သင်ရှေ့နေ ၉၄ ဦးကို ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာပေးသင်တန်းကို လေးကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း။

တရားသူကြီးများအတွက် ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေး ကျင့်ဝတ်ဘာသာရပ်ကို တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းများနှင့် မွမ်းမံသင်တန်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းပို့ချခြင်း၊ တရားရုံးသို့ လာရောက်သူများကို ယဉ်ကျေးပျူငှာစွာဖြင့် လေးစားစွာ ဆက်ဆံပြောဆိုတတ်စေရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းတို့ကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ တွင် နှစ်စဉ်ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးများအနေဖြင့် ရှေ့နေရှေ့ရပ်ကဲ့သို့ အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် အပြန်အလှန်နားလည်၍ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုသကဲ့သို့ တရားရုံးနှင့် ရှေ့နေရှေ့ရပ်များအပါအဝင် အခြားသက်ဆိုင်သူများကို ဖိတ်ကြားပြီး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေး မဟာဗျူဟာ အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားပါကြောင်း။

သို့ပါ၍ ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များနှင့် တရားသူကြီးများနှင့် ရှေ့နေရှေ့ရပ်များပါဝင်သည့် ပူးပေါင်းလေ့ကျင့်သင်ကြားမှုအစီအစဉ် (Joint Training Program) များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခေါ် ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ နားရိုင်းရွာမကြီးမှ နောင်ခမ်း-နောင်ခါး-နမ့်ခမ်း (နမ့်ဟူးမိုင်)- နောင်ဒေးကျေးရွာထိ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာသွားလမ်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းဖြစ်ပြီး လမ်းမိုင်အရှည် အနေဖြင့် ၈/၆ မိုင်ရှိကြောင်း၊ အဆိုပါ ကျောက်လမ်း ၈/၆ မိုင်လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လာမည့် ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမတစ်ခုနှင့် ပြေးလမ်း၊ ပွဲကြည့်စင်ပါသည့် ဘောလုံးကွင်း တစ်ကွင်းကို နိုင်ငံတော် အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဇေယျာသီရိမြို့နယ်တွင် အားကစားရေးရာဝန်ကြီးဌာနပိုင် မြို့နယ်အားကစားကွင်းမရှိပါကြောင်း၊ မြို့နယ်အဆင့် ဘောလုံးအားကစားကွင်း တစ်ကွင်း ဖောက်လုပ်မည်ဆိုပါက မြေဧရိယာ ၁၀ ဧကခန့်၊ မြို့တော်ခန်းမ တည်ဆောက်မည်ဆိုပါက မြေဧရိယာ နှစ်ဧကခန့် စုစုပေါင်း မြေဧရိယာ ၁၂ ဧကခန့် လိုအပ်မည်ဖြစ်ပါကြောင်း။

မြို့တော်ခန်းမ၊ ပြေးလမ်းပါ ဘောလုံးကွင်းနှင့် အားကစားပွဲကြည့်စင်များ ဆောက်လုပ်ပေးလိုသော်လည်း လိုအပ်သည့် စုစုပေါင်းမြေဧရိယာ ၁၂ ဧကမှာ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် အုပ်ချုပ်ရေးဦးစီးဌာနတို့က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများနှင့် အများပြည်သူပိုင်မြေနေရာများတွင် လုံလောက်သော မြေအကျယ်အဝန်းမရှိပါကြောင်း၊ လုံလောက်သော မြေအကျယ်အဝန်းရရှိပါက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ အားကစားခန်းမ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို ဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် လျာထားတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့ပေါ်ရပ်ကွက် ခုနစ်ခုကို ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများ ပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေးစီမံချက် (Town Plan)အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ပျဉ်းမနားမြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်ခဲ့ပြီး မြို့ပြစီမံကိန်းပညာရှင်များက ပျဉ်းမနားမြို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာကို ပြုစုခဲ့ပါကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာပါ ပျဉ်းမနားမြို့ကို တစ်မြို့လုံးအတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အဆိုပြုလျာထားအစီအမံများ ပါဝင်ပါကြောင်း၊ ပျဉ်းမနားမြို့ Drainage System ကို ရေးဆွဲထားရှိပြီး ပျဉ်းမနားမြို့တွင်း လက်ရှိတွင် ပင်မရေနုတ်မြောင်းများအနေဖြင့် ငလိုက်ချောင်း(တောင်ဘက်) အုတ်ရေမြောင်း ၂၀ ဒသမ ၅၄၄ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၀၄ မိုင်၊ ငလိုက်ချောင်း(မြောက်ဘက်) အုတ်ရေမြောင်း ၁၃ ဒသမ ၃၂၃ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၅၆ မိုင်ရှိပြီး ပျဉ်းမနားမြို့တွင်း ပင်မရေမြောင်းများသို့ စီးဝင်သည့် ရေနုတ်မြောင်းများကို မိုးမကျမီ (၄/၂၀၂၆ လမှ ၁၀/၂၀၂၆ လထိ) လအလိုက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်း လုပ်ငန်းကို ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန်အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က စစ်ကိုင်းမြို့သည် မြို့မ ၁၈ ရပ်ကွက်နှင့် တိုးချဲ့ ငါးရပ်ကွက် စုစုပေါင်း ၂၃ ရပ်ကွက်ရှိပါကြောင်း၊ အိမ်ခြေပေါင်း ၁၈၄၉၂ တွင် လူဦးရေ ၈၈၃၀၈ ဦး နေထိုင်ပါသဖြင့် တစ်နေ့လျှင် မြို့အတွက် ရေလိုအပ်မှုအနေဖြင့် ဂါလန် ၂ ဒသမ ၃ သန်းဖြစ်ပါကြောင်း။

လက်ရှိ မြို့ရေပေးဝေရေးအနေဖြင့် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (ရွှေမင်းဝံ၊ ဇေယျာ၊ မြို့သစ်) သုံးရပ်ကွက်တို့ကို ပယ်ငါးဆယ်ကျေးရွာမှ ဧရာဝတီမြစ်ရေကို မင်းဝံတောင်ပေါ်ရှိ ရေစစ်ကန်သို့ တွန်းတင်ပြီး ရေစစ်ကန်တွင် ကျောက်ချဉ်ထည့်ခြင်း၊ လေဖြင့်သန့်စင်ခြင်း၊ ကျောက်စရစ်ဖြင့် သန့်စင်ခြင်း၊ သဲအနှေးရေစစ်ကန်မှတစ်ဆင့် Chlorine ခတ်ခြင်း အဆင့်ဆင့်သန့်စင်ပြီးသောရေ နေ့စဉ်ဂါလန် ၄၀၀၀၀၀ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်၊ မိုးဇာရပ်ကွက်၊ နန္ဒဝန်ရပ်ကွက်၊ တကောင်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ မြို့သစ်ရပ်ကွက်(အရှေ့ပိုင်း)၊ ပါရမီရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ရွာထောင်ရပ်ကွက်၊ မီးရထားရပ်ကွက်၊ ဧမြဝတီရပ်ကွက်တို့အနေဖြင့် ရပ်ကွက်အလိုက် ရေပေးရေးကော်မတီများ ဖွဲ့စည်း၍ ဧရာဝတီမြစ်ရေမှ တိုက်ရိုက်တွန်းပို့စနစ်ဖြင့် အိမ်သွယ်ရေတိုင်များဖြင့် ပေးဝေလျက်ရှိပါကြောင်း။

တစ်မြို့လုံး သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ရာတွင် HDPE ရေတင်ပိုက်လိုင်း ပေ ၄၅၀၀ ခန့် သွယ်တန်းခြင်း၊ HDPE ရေဖြန့်ဝေပိုက်လိုင်း ပေတစ်သန်းခန့် သွယ်တန်းခြင်း၊ မြို့သစ်ရပ်ကွက် ရေကန်နှစ်ကေအကျယ်နေရာတွင် စက်ရုံတည်ဆောက်ပြီး တစ်ရက်လျှင် ရေဂါလန်နှစ်သန်းခန့်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန် ရည်ရွယ်ထားရှိပါကြောင်း။

ကုန်ကျစရိတ်များပြားပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်းနှင့် BOT ဆောင်ရွက်မည့်လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီးပါက အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး လုပ်ငန်းအပ်နှံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိ မြေကွက်များကို မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ပုဗ္ဗသီရိမြို့ ဇေယျာဒီပရပ်ကွက် (Block 7 မှ Block 11) အတွင်းရှိ မြေကွက်များကို အဆောက်အအုံ ဆောက်လုပ်ရန် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးခြင်း၊ မြေငှားစာချုပ် (ဂရန်) ထုတ်ပေးခြင်းနှင့် အမည်ပြောင်းလဲပေးခြင်း စသည့်မြေစီမံခန့်ခွဲမှုကိစ္စရပ်များကို လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရှိခဲ့ပါကြောင်း။

စစ်မှုထမ်းများအနေဖြင့် ဤမြေကွက်သည် အမှန်တကယ်အိမ်ရာဆောက်လုပ်နေထိုင်မည့်သူများသာ နေရာချထားပေးခြင်းဖြစ်ကြောင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုပါကြောင်းနှင့် မိမိကိုယ်တိုင်သာ နေထိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်ကို တစ်ထပ်အဆောက်အအုံသာ ဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံ ဆောက်လုပ်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ် **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

စည်းကမ်းချက်များအတိုင်း လိုက်နာပါမည်ဖြစ်သည်ဟု ကတိပြုလက်မှတ်ရေးထိုးထားပါကြောင်း။

သို့ဖြစ်ပါ၍ ပုဗ္ဗသီရိမြို့ရှိ ဇေယျာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် နဝဒေးရပ်ကွက်တို့တွင် စစ်မှုထမ်းများသို့ နေရာချထားပေးသောမြေကွက်များကို မြေငှားစာချုပ် အမည်ပေါက် ပြောင်းလဲခြင်းနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ထောက်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ၆၀ x ၃၀ ပေ၊ အုတ်ညှပ်တစ်ထပ် တစ်ဆောင်ရှိပါကြောင်း၊ လက်ရှိတွင် ကျောင်းသားအင်အားနည်းပါးသည့်အတွက် စာသင်ခန်း သုံးခန်းဖြင့် လုံလောက်စွာပညာသင်ကြားနိုင်ပါကြောင်းနှင့် နောင်အခါ ကျောင်းသားအင်အားတိုးပွားလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဈေးတန်း အ.လ.က (ခွဲ) မူလတန်းကျောင်း၏ ပင်မဆောင်ကို ဖျက်သိမ်းခွင့်ပြုရန်နှင့် နှစ်ထပ် စာသင်ကျောင်းတစ်ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ပံ့ပိုးပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဈေးတန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ၊ ဆရာမ ၁၅ ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူ ၄၄၄ ဦးရှိပါကြောင်း။

စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် သုံးဆောင်ရှိပြီး ပညာပန်းခင်းဆောင်သည် သက်တမ်း ၃၃ နှစ်ခန့် ကြာမြင့်ပြီဖြစ်သော်လည်း အင်ဂျင်နီယာစိစစ်ချက်အရ အန္တရာယ်ရှိကျောင်းဆောင် မဟုတ်ကြောင်း တွေ့ရှိရသည့်အတွက် ပညာပန်းခင်းဆောင်ကို အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းသားတန်းခွဲဦးရေအရ အလယ်တန်းအဆင့်အတွက် လိုအပ်နေသော စာသင်ခန်း နှစ်ခန်းအတွက် ၆၀ x ၃၀ ပေ RCC တစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အ.ထ.က(ခွဲ) ဖက်ကုန်း၊ အ.မ.က(မူလွန်ရပ်-၁)နှင့် အ.ထ.က(မြို့သစ်) ကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင်တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်ကုန်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆရာ၊ ဆရာမဦးရေနှင့် ကျောင်းသား၊ ကျောင်းသူဦးရေအနေဖြင့်ကျောင်းဆောင်လေးဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရပ်(၁)- အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင် သုံးဆောင်၊ စာသင်ခန်း ကိုးခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း လုံလောက်မှုရှိပါကြောင်း။

မြို့သစ်- အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ရှစ်ဆောင်၊ စာသင်ခန်း ၂၁ ခန်းရှိပါကြောင်း၊ အဆိုပါ မြို့သစ်-အခြေခံပညာအထက်တန်းကျောင်းတွင် ထပ်မံလိုအပ်နေသော စာသင်ခန်း သုံးခန်းအတွက် ၉၀ x ၃၀ ပေ RCC တစ် ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ အ.ထ.က ကျောင်းတွင် RC နှစ်ထပ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ဝေါမြို့နယ် ဖိုးဦးစိန်- အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားစုစုပေါင်း ၉၃၂ ဦးရှိပြီး ဆရာ၊ ဆရာမ ၂၆ ဦးရှိပါကြောင်း၊ စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်း၊ တန်းခွဲ ၂၃ ခုရှိပါကြောင်း၊ ကျောင်းသားတန်းခွဲအရ စာသင်ခန်း ရှစ်ခန်းလိုအပ်နေကြောင်းတွေ့ရပြီး အဆိုပါလိုအပ်နေသည့် စာသင်ခန်း ရှစ်ခန်းအတွက် ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်ကျောင်းဆောင်ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦး၏ **တောင်ငူမြို့နယ် သရက်တော အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင်သစ်နှင့် သန့်စင်ခန်း ဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ အဝီစိတွင်းတူးခြင်း၊ အဝင်လမ်းခင်းခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး (အရှေ့) တောင်ငူမြို့နယ် သရက်တော- အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဆရာ၊ ဆရာမ ခုနစ်ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် သရက်တော- အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မြစ်ကမ်းပါးအန္တရာယ်ကြောင့် ဖျက်သိမ်းခဲ့ရသောကျောင်းဆောင် သုံးဆောင်အစား ပေ ၉၀ x ၃၀ RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

ခြံစည်းရိုး ၃၃၇ ပေ အုတ်တံတိုင်းကာရံခြင်း၊ ကျောင်းအဝင်တံခါး ၁၂ ပေ ပြုလုပ်ခြင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

နှစ်လက်မ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျောင်းအဝင်လမ်း ၂၂၀ x ၄ x ၃ ပေ ခင်းခြင်းလုပ်ငန်းနှင့် နှစ်ခန်းတွဲ သန့်စင်ခန်း နှစ်လုံး ဆောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မြန်မာနိုင်ငံအတွင်းရှိလတ်တလောဖြစ်နိုင်ခြေရှိသောဒေသများတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျောင်းနေအရွယ် အသက် ငါးနှစ်ကလေးများ စာရင်းကောက်ယူခြင်း (Survey on School-Age Children (or) School Survey)ကို တွန်းအားပေးဆောင်ရွက်၍ စာသင်ခန်းအရောက်ပို့ဆောင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် နှစ်စဉ် ပညာသင်နှစ်တစ်ခုမစမီ (ဧပြီလနှင့် မေလ)တွင် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အသက် ငါးနှစ်ပြည့်ပြီးသူများစာရင်းကို တောင်းခံရယူပြီး KG တွင် ကျောင်း စတင်အပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စနစ်သစ်ပညာရေး အစီအစဉ်အရ အသက် ငါးနှစ်ပြည့်ပြီး KG မတက်ခဲ့ရသောကလေးများအနက် အသက်ခြောက်နှစ်ပြည့်ပြီးသူ ကလေးများကို Grade 1 တွင် ကျောင်းအပ်နှံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အသက် ခြောက်နှစ်ပြည့်ပြီး ကျောင်းမနေရသေးသည့် ကလေးများစာရင်းကိုလည်း ကောက်ယူပြီး ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းအပ်နှံရေးသီတင်းပတ်မတိုင်မီ ကျောင်းအလိုက် ကျောင်းအပ်နှံမည့် ကျောင်းနေအရွယ်ကလေးစာရင်း ပြုစုခြင်း၊ ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် ကျန်ရှိသည့် ကလေးများစာရင်းကိုလည်း ကောက်ယူ၍ ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ မိဘဆရာအသင်းများနှင့်ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်မတ်လမှစ၍ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများ၏ ကြီးကြပ်မှုဖြင့် အသက် ငါးနှစ်ပြည့်ပြီးသူ ကလေးများစာရင်းနှင့် အသက် ခြောက်နှစ်ပြည့်ပြီး KG မတက်ရသေးသူ ကလေးများစာရင်းကောက်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးရက် ၂၀ မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ၆-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၂၈၈,၆၀၂.၀၆ | ၁,၁၁၉,၇၂၈.၂၀ | ၂,၃၄၉,၆၇၄.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။



# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့၊ ဒီဂရီ ရရှိခဲ့သည့်လူငယ်များကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြား

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ(၁)၊(၂)နှင့် ဇော်ဂျီရပ်ကွက်တွင် မိုးရာသီကာလ၌ မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဇော်ဂျီချောင်းရေမြင့်တက်ပြီး အိမ်ခြေ ၅၀၀ နီးပါး ရေကြီးနစ်မြုပ်မှုဒဏ်များ ခံစားနေရပါသဖြင့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရပ်စောက်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် လူနေအိမ်များအတွင်း ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရန်အတွက် ရပ်စောက်- ရွှေညောင်ကားလမ်းပေါ်ရှိ ဇော်ဂျီချောင်းတံတားအောက်ပိုင်းနှင့် အထက်ပိုင်းများတွင် ဇော်ဂျီချောင်းကို အောက်ခြေအကျယ်ပေ ၆၀၊ ချောင်းအနက် ၂၂ ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ရပ်စောက်မြို့အတွင်းရှိ ဇော်ဂျီချောင်းတစ်လျှောက် လိုအပ်သည့်နေရာများ၌ ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်း၊ ချောင်းဖြောင့်ခြင်း၊ တံတားမိုးချောင်းကို အောက်ခြေအကျယ် ၁၅ ပေနှင့် ချောင်းအနက် ၁၁ ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ(၁)၊(၂) နှင့် ဇော်ဂျီရပ်ကွက်အတွင်းရှိ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သောလုပ်ငန်းသုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နည်းပညာလိုအပ်ချက်ရှိပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။




ထို့ပြင် ဇော်ဂျီချောင်းတစ်လျှောက် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရန်အတွက် ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲယာရှိ လူနေအိမ်များမှ အမှိုက်များ ချောင်းအတွင်းသို့ စည်းကမ်းမဲ့စွာစွန့်ပစ်ခြင်း၊ ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲယာ အချို့နေရာများတွင် ချောင်းဧရိယာအတွင်း ကျူးကျော်နေထိုင်ခြင်းများကိုလည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ဝက်လာ- ဆပ်ကွင်း- အသုတ်လမ်းအရှည် (၅/၀ ဒသမ ၉၆) မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းသို့မဟုတ် ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်း၏ လက်ရှိမြေသားလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြုပြင်ပေးမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဝက်လာကျေးရွာမှ သစ်ဝင်ကုန်းကျေးရွာအလွန် ပုသိမ်- မုံရွာလမ်းနှင့်ဆုံသောနေရာထိ စုစုပေါင်း ၂ မိုင် ၄ ဖာလုံကို ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင်လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျုံပျော်-ကျောင်းကုန်း-မြောင်းမြ-လပွတ္တာ လမ်းအရှည် ၁၈ ဒသမ ၅ မိုင်ခန့်မှာ လက်ရှိတွင် ကတ္တရာများပေါက်ပြဲပြီး ပျက်စီးနေပါသဖြင့် တစ်နှစ်အတွင်း အပြီးသတ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းအရှည် ၁၈ မိုင် ၄ ဖာလုံ၏ လမ်းအခြေအနေသည် ကောင်းမွန်သော အပိုင်း ၄ မိုင် ၆ ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၁ ဖာလုံ၊ ပျက်စီးမှုများပြားသောအပိုင်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို တစ်နှစ်အတွင်း အပြီးသတ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လတ်တလောသွားလာမှု အဆင်ပြေစေရန်အတွက် ပျက်စီးမှုများပြားသည့် လမ်းမိုင်အရှည် ၇ မိုင် ၅ ဖာလုံကို ဦးစားပေးအဖြစ် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ သောင်ကြီး- ဒိုက်ပျက်လမ်းပေါ်တွင် ကျန်ရှိနေသေးသော ကျောက်လမ်း သုံးမိုင်နှင့် အမာခံလမ်း ၆ မိုင် ၆ ဖာလုံတို့ကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပထမအဆင့်အနေဖြင့် အမာခံလမ်းကို ကျောက်လမ်းအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှစတင်ပြီး ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအသုံးပြုနေသော ၁၂ ပေအကျယ် ကတ္တရာလမ်း ၄ မိုင် ၇ ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ အဆိုပါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးရန်နိုင်ဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့၊ ဒီဂရီရရှိခဲ့သည့်လူငယ်များကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား** တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးသမားအချို့၏ သွေးထိုးလှုံ့ဆော်မှု အခြေအနေများကြောင့် ဝန်ကြီးဌာနအသီးသီးက အလုပ်လျှောက်လွှာခေါ်ယူသည့်အခါတွင်သတ်မှတ်အသက်ထက် တစ်နှစ်၊ နှစ်နှစ်ကြီးနေသောကြောင့် အလုပ်အကိုင်မလျှောက်ထားနိုင်သည်ကို တွေ့မြင်ကြရပါကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အလုပ်လျှောက်လွှာခေါ်ယူသည့်အခါ ခိုင်လုံသောအကြောင်းပြနိုင်သူများကို အသက်သတ်မှတ်ရာတွင် နိုင်ငံတော်နှင့် လူငယ်များ အနာဂတ်အကျိုးအတွက် ဖြေလျှော့စဉ်းစားပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်စိုးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လူငယ်ထောင်ပေါင်းများစွာသည် ဘွဲ့ရချိန် နှစ်နှစ်၊ သုံးနှစ်ခန့်ထိ နောက်ကျခဲ့ကြရပါကြောင်း၊ ယနေ့တွင် ထိုလူငယ်များသည် အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသော်လည်း ပညာအရည်အချင်းကြောင့် မဟုတ်ဘဲ အသက်ကန့်သတ်ချက်များကြောင့် အခွင့်အလမ်းများ ဆုံးရှုံးနေကြရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံး ချမ်းသာကြွယ်ဝမှုမှာ ရွှေ၊ ကျောက်မျက်၊ သစ်တော၊ သယံဇာတများမဟုတ်ဘဲ လူသားအရင်းအမြစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို လူငယ်များကို အထူးအခွင့်အရေးပေးခြင်းဟု မမြင်သင့်ဘဲ နိုင်ငံတော်ကြုံတွေ့ခဲ့ရသော အရေးပေါ်အခြေအနေများကြောင့် ဆုံးရှုံးခဲ့ရသောအချိန်များအတွက် မျှတသောပြန်လည်စဉ်းစားပေးမှုအဖြစ် ရှုမြင်သင့်ပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပြီး အသက်ကန့်သတ်ချက်ကို နှစ်နှစ်မှ သုံးနှစ်ထိ အထူးလျှော့ပေါ့ပေးနိုင်မည်ဆိုပါက ထိုလူငယ်များအတွက် မျှော်လင့်ချက်တံခါးတစ်ချပ် ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါသောကြောင့် အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လူသားအရင်းအမြစ်မဆုံးရှုံးစေရန်ရည်ရွယ်၍ လက်ရှိတွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ဖြစ်ပါက အသက် ၃၅ နှစ်ထက်မကျော်သော၊ မဟာဘွဲ့ဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်သောသူများကို နိုင်ငံ့ဝန်ထမ်းသက်အဖြစ် ဝန်ထမ်းများကို ခေါ်ယူလျက်ရှိသည်ကို စာမျက်နှာ ၂၃ သို့

**စာမျက်နှာ ၂၂ မှအဆက်**

သိရပါကြောင်း၊ သို့သော် အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့်လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးစေလိုကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းက ဝန်ကြီးဌာနများက အလုပ်ဝင်ခွင့်လျှောက်ထားနိုင်ရေး အသက်ကန့်သတ်ချက်များ လျှော့ပေါ့ပြီး ဆောင်ရွက်လျက်ရှိရာတွင် ဒုတိယဘွဲ့နှင့်အထက် ဘွဲ့ရရှိထားကြသော လူငယ်များအတွက် အသက်ကန့်သတ်ချက်လျှော့ပေါ့ပေးထားရာတွင် လျော်ကန်သင့်မြတ်မှုရှိနေပါသော်လည်း ပထမဘွဲ့ဒီဂရီတစ်ခုတည်းသာ ရရှိထားကြသည့် လူငယ်များက အလုပ်ရရှိနိုင်ရေးအတွက် သုံးကြိမ်၊ လေးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြရသဖြင့် အသက်ကန့်သတ်ချက်သည် အနာဂတ်အတွက် အခက်အခဲတစ်ခုဖြစ်နေပါသဖြင့် ထပ်မံလျှော့ပေါ့စဉ်းစားရန် လိုအပ်နေပါကြောင်း။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် အသက်အရွယ်နောက်ကျမှ ပထမဘွဲ့ဒီဂရီရရှိခဲ့ကြသည့် လူငယ်များ၏ အနာဂတ်ခရီးလမ်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးရည်ရွယ်ချက်ဖြင့် ကာလအပိုင်းအခြားတစ်ခုသတ်မှတ်ပြီး အသက်ကန့်သတ်ချက် ထပ်မံလျှော့ပေါ့စဉ်းစားပေးစေလိုပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က ဝန်ကြီးဌာနအချို့သည် First Degree ကို အသက်သတ်မှတ်ချက် ၂၀ နှစ် မှ ၂၅နှစ်အတွင်းရှိသကဲ့သို့ အသက် ၃၀ နှစ်မှ ၃၅ နှစ်ထိ သတ်မှတ်ထားသည့်အနက် အသက်အနိမ့်ဆုံးအနေဖြင့် အသက် ၃၀ အောက် သတ်မှတ်သင့်သည်ကိုတွေ့ရှိရပါကြောင်း၊ လက်ရှိကာလအခြေအနေများအပေါ်မူတည်၍ သက်ဆိုင်ရာဌာနအသီးသီး၏ လုပ်ငန်းအမျိုးအစားများအပေါ်မူတည်၍ အသက်သတ်မှတ်ချက်ကို နှစ်နှစ်၊ သုံးနှစ် ဖြေလျှော့ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး ဦးသန်းအေး ခေါ် ဦးတင်ဦးက နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်အစိုးရဝန်ကြီးဌာနအသီးသီးအလိုက် လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ အဆင့်အလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ပေးကြရသူများ ဖြစ်ပါကြောင်း၊ လိုအပ်သည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်မီသူများကိုသာ ခန့်ထားခြင်းဖြင့် စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းယန္တရားတစ်ရပ်အဖြစ် တည်ရှိနေရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းအရည်အချင်း သတ်မှတ်ချက်များကို ယေဘုယျလွှမ်းခြုံပြီး ဖြေလျှော့ပေးရန်ဆိုသည်မှာ အလေးထားစဉ်းစားရမည့် ကိစ္စဖြစ်နေပါကြောင်း ဆွေးနွေးသည်။

**ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄ နည်းဥပဒေခွဲ(ဃ)တွင် "ဝန်ထမ်းသည် အသက်**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြားစဉ်။

**၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်"ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့်အသက်ကိုသာ သတ်မှတ်ပြဋ္ဌာန်းထားပြီး အခြားအသက်ကန့်သတ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝပေါ်မူတည်၍ ပညာအရည်အချင်း ကန့်သတ်ချက်၊ အသက်ကန့်သတ်ချက်များကို ၎င်းတို့ခေါ်ယူမည့် အလုပ်နေရာ (Post)၊ လုပ်ငန်းသဘောသဘာဝ၊ လုပ်ငန်း၏လိုအပ်ချက်များအပေါ်တွင် အခြေခံစဉ်းစားပြီး ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်များအပါအဝင် အခြားလိုအပ်ချက်များကိုသတ်မှတ်၍ လစ်လပ်ရာထူးများအတွက်ခေါ်ယူသည့် ကြော်ငြာတွင် ထည့်သွင်းပြီး နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာဖြင့် အနည်းဆုံး တစ်လကြိုတင်ထုတ်ပြန်ပါကြောင်း။**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ယခင်ကခြောက်လ တစ်ကြိမ်ဖြင့် တစ်နှစ်လျှင်နှစ်ကြိမ် ကြော်ငြာခေါ်ယူ၍ စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ လေးလလျှင်တစ်ကြိမ်ဖြင့် တစ်နှစ်လျှင် ကြော်ငြာသုံးကြိမ်ထိ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပပုဂ္ဂိုလ်များကို ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်၍ အရည်အချင်း ပြည့်မီသူများကိုရွေးချယ်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ခန့်ထားပေးလျက်ရှိပါကြောင်း။**

**ပြင်ပပုဂ္ဂိုလ်များကို အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့မှ** အမှုထမ်းအဆင့် စတင်ခန့်ရာထူးဖြစ်သော အငယ်တန်းစာရေးရာထူးအတွက် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက်မကျော်လွန်သူဟုလည်းကောင်း ဇွန်လတွင် ကြော်ငြာများခေါ်ယူထားသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားနိုင်သည်ကိုလည်း ကြော်ငြာတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ကြော်ငြာခေါ်ယူသည့် အသက်သတ်မှတ်ချက်ထက် သုံးနှစ်တိုးမြှင့်၍ခေါ်ဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း နှစ်စဉ် ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် အသက်ကန့်သတ်ချက်ကို ၃၀ နှစ်၊ ၃၅ နှစ်၊ ၃၈ နှစ်၊ ၄၀ နှစ်ထိ အခါအားလျော်စွာ လျှော့ချသတ်မှတ်ပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက သတင်းစာတွင် ကြော်ငြာခေါ်ယူသည့်အခါ မိမိတို့၏ ပညာအရည်အချင်း၊ အသက်ကန့်သတ်ချက်နှင့်ကိုက်ညီသည့် ရာထူးနေရာများကိုလျှောက်ထားပြီး ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များကို နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနှင့် အငယ်တန်းစာရေး၊ ဒုတိယဦးစီးမှူးရာထူးများအပါအဝင် အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများကို နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် နှစ်စဉ်ကြော်ငြာခေါ်ယူနေပါကြောင်း၊ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသရှိ ဘွဲ့၊ဒီဂရီရ လူငယ်များကို ဝင်ရောက်လျှောက်ထား ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သို့ပါ၍ အလုပ်ခေါ်ယူခြင်း ကြော်ငြာများပါ အသက်ကန့်သတ်ချက်များအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရှေးရှုစဉ်းစားပြီး ပြင်ပပုဂ္ဂိုလ်များကို ဝန်ထမ်းအသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ဖြေလျှော့စဉ်းစားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အဆိုပြုသည့် ဘွဲ့ရပညာတတ် တန်ဖိုးရှိလူငယ်အချို့ကို (ကာလဒေသ၊ ကပ်ရောဂါကန့်သတ်ချက်အရ) အသက် တစ်နှစ်၊ နှစ်နှစ်ခန့် ကြီးရင့်သွားသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ နိုင်ငံတော်နှင့် လူငယ်များ၏ ရေရှည်အကျိုးကို ရည်မှန်းလျက် ဘွဲ့ရပညာတတ် လူငယ်များကို အသက်ကန့်သတ်ချက်လျှော့ပေါ့၍ ခန့်ထားပေးရန် အချက်အပေါ် လွှမ်းခြုံမှုရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ပြင်ပပုဂ္ဂိုလ်များကို ဝန်ထမ်းသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် ၎င်းတို့၏ လုပ်ငန်းသဘောသဘာဝနှင့်လိုအပ်ချက်ပေါ်မူတည်၍ သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်များသည် ဘွဲ့၊ ဒီဂရီရရှိခဲ့သည့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသည့်လူငယ်များကိုလည်း ကြိုဆိုပါကြောင်းနှင့် ဝန်ထမ်းရေးရာနှင့်ပတ်သက်၍ ကိစ္စရပ်များရှိပါကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း။

မသန်စွမ်း ဘွဲ့၊ ဒီဂရီရလူငယ်များအနေဖြင့် လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုခြင်း၊ ရေးဖြေစာမေးပွဲအောင်မြင်ပါက စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း စသည့်အခွင့်အရေးများကို အခြားလူငယ်များနှင့် တန်းတူရရှိကြပါကြောင်း၊ မသန်စွမ်းဘွဲ့ရလူငယ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းကခေါ်ယူသည့် လစ်လပ်ရာထူး၏ လုပ်ငန်းသဘောသဘာဝပေါ်မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ သက်ဆိုင်ရာ ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားရာတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ လေးလတစ်ကြိမ်ဖြင့် တစ်နှစ်လျှင် သုံးကြိမ်သတ်မှတ်ပြီး လေးလ၏ ပထမရက်သတ္တပတ်အတွင်း ကြော်ငြာခေါ်ယူရန် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ဝင်ရောက်လျှောက်ထားရမည့် အချိန်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ပွင့်လင်းမြင်သာမှုနှင့် စပ်လျဉ်း၍လည်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လူငယ်များကို ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် လျှောက်ထားဖြေဆိုနိုင်ရေး နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်လကြိုတင်၍ ကြော်ငြာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကိုမေးမြန်းရာ အဆိုရှင်က မှတ်တမ်းအဖြစ်ထားရှိပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၈ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )
**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃၅ / ၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၇၃၅၁ | အစား | ကြည်း ၃၀၉၀၇ |
| ဗိုလ်မှူးကြီး ကျော်သူရ | | ဗိုလ်မှူးကြီး စိုးရန်နောင် |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို**
**စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဈ)လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း။"

■ **ရှေ့တန်းပြန်မှ**

ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာများ၊ ယိမ်းအကအဖွဲ့များ၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)


● **နေရာကွက်၍ မိုးကြီးနိုင်မှ**

အိန္ဒိယနိုင်ငံ သြရိသပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဘာလဆောမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် အိန္ဒိယနိုင်ငံ သြရိသပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဘာလဆောမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)







## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခ ဒေါက်တာ ခင်မာမြင့် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

## သံအမတ်ကြီး ဦးဝေလင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးဝေလင်းသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက် (တနင်္လာနေ့) တွင် ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

(သတင်းစဉ်)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက် အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ၈-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေးအကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်တိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးကအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(ဖ၀၁)

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ် အားကစားရုံ၌ ပြုလုပ်ရာ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၁၇ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖ၀၁)



ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်ဖြစ်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းနှင့် ပန်းတောင်းတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၆

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသားအသင်း ခိုလမ်တပ်နယ်(က)အသင်းနှင့် အမျိုးသားအသင်း ကျိုင်းတောင်းတပ်နယ်အသင်း၊ အမျိုးသမီးအသင်း ခိုလမ်တပ်နယ် (ခ)အသင်းနှင့် အမျိုးသမီးအသင်း ခိုလမ်တပ်နယ်(ဂ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် ဇူလိုင် ၁၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းသြဇသ၊ ကာတွန်းစောဟန်နှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
ကဗျာဆရာ ထက်သခင်(သုံးဆယ်)၊ နိုဦးဇော်၊ တိုးဝေ၊ ဇာနည်၊ မနောဟရနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၃၀-၆-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၂၄)ထွက်ပြီ။

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် လူနေအဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၆**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချ ဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၉ လုံးကို စနစ်တကျဖြိုချ ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ရှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဥ၀၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘယ်လာရုစ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ဘယ်လာရုစ်နိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



ဘယ်လာရုစ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ဥ၀၁)**

**❍ ငါးမွေးမြူထုတ်လုပ်မှ**

ငါးပိကို အခြေခံကနေ အမှုန့်ပြုလုပ်ထားတဲ့ အသင့်စားလုပ်ငန်း၊ ငါးပိထောင်းလုပ်ငန်း၊ ငါးရံ့ခြောက်လုပ်ငန်းတွေ ရှိနေပါတယ်။ငါးကို တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ စက်ရုံမရှိသေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရရဲ့ အားပေးမှုနဲ့ အအေးခန်းစက်ရုံတွေတည်ထောင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်အောင် ကြိုးစားနေပါတယ်”ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ပြောသည်။

တိုင်းဒေသကြီး ငါးမွေးမြူရေးလုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းတို့မှ ရေထွက်ပစ္စည်းများ မွေးမြူထုတ်လုပ်လျက်ရှိရာ ရေထွက်ကုန်ကဏ္ဍသုံးရပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် မတ်လထိ စုစုပေါင်း ၁၄၇၄၈၅၀ ဒသမ ၅၃၁ ပိဿာ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် ငါးမွေးကန်ဧက ၃၀၀၀၀ ကျော်ရှိပြီး ငါးကြင်းဖြူ၊ ငါးမြစ်ချင်း၊ ငါးမုန့်၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီးနှင့် တီလားဗီးယားတို့ကို စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိကာ နိုင်ငံခြားငွေ တိုးမြှင့်ရရှိစေမည့် ငါးရံ့၊ ငါးကျည်း ရေထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သစ္စာ(mna)**

**အိမ်ပြင်ပဌွက်ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# 'မှို' သို့မဟုတ် 'သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်'



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ခုနှစ် ၊ မေလ)

၁

## သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



'မှို'သည် ကယ်လိုရီဓာတ် နည်းပါးစွာ ပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

## မှို၏ အာဟာရတန်ဖိုးများ

မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့်တို့ ပါဝင်ပါသည်။

၂

## မှိုတွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3 ၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

## မှို၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန် ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာချေစနစ်ကို အထောက်အကူပြုပါသည်။

၄

## မှို၏ အသုံးဝင်မှုများ

ဆေးဖက်ဝင်မှိုများ၏ ထူးခြားချက်

လင်ဇီးမှို (Reishi) - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်ပါသည်။

ကောက်ရိုးမှို - နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

ကြွက်နားရွက်မှို (Wood Ear) - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မှိုကို "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ်စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

## သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မှိုကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။




၆

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**

# အကြောင်းကောင်းတရား

ဗညားကျန်းထော

**"ယေဓမ္မာဟေတုပ္ပဘဝါ၊**
**တေသံ ဟေတုံ တထာဂတာ။"**
**"အကျိုးတရားဟူသမျှက အကြောင်းတရားက စ၏။"**

**မြတ်စွာဗုဒ္ဓ ငါ၏ဆရာက ဤသို့အကြောင်းရင်းသဘောကို ဟောကြားသည်။ အကြောင်းကြောင့် အကျိုးဖြစ်သောတရားကို ပြသည်။**

**အရှင်အဿဇိမထေရ်(ဘီစီငါးရာစု)**
**(ဥပတိဿက မေးသဖြင့်ဖြေကြားခြင်း)**

မြတ်စွာဘုရား၏လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာဖြစ်လာမည့် ဥပတိဿပရိဗိုဇ်နှင့် အရှင်မဟာမောဂ္ဂလာန်ဖြစ်လာမည့် ကောလိတပရိဗိုဇ်တို့သည် နီးကပ်စွာတည်ရှိကြသော ရွာနှစ်ရွာမှ စိတ်တူကိုယ်တူရွယ်တူ လူငယ်၊ ငယ်သူငယ်ချင်းနှစ်ယောက်ဖြစ်ကြပါတယ်။ တစ်နေ့သောအခါ သူငယ်ချင်းနှစ်ယောက် အတူတကွဇာတ်သဘင်ပွဲ ဖျော်ဖြေတာကို ညအတူကြည့်ကြပြီး သဘင်သည်တို့ကပြတဲ့ဇာတ်လမ်းအရ တွေ့ကြဆုံကြချစ်ခင်ကြ၊ ကွဲကြကွာကြ၊ ဆွေးကြလွမ်းကြ၊ သေဆုံးကြ စသဖြင့် ကပြတာကိုကြည့်ပြီး ဒီလိုသောကဒုက္ခတွေကနေ လွတ်လမ်းရှာဖွေကြမယ်ဆိုပြီး ဆရာမျိုးစုံထံ ချဉ်းကပ်ခဲ့ရာမှ နောက်ဆုံး ဘုရားနဲ့တွေ့ကြရတယ်။

ဆွမ်းခံကြွလာတဲ့ အရှင်အဿဇိကိုမေးပြီး နှစ်ယောက်သား အတူလိုက်ပါသွားရာမှ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရားရှင်နှင့်စတင်တွေ့ဆုံရာမှ ဘဝတစ်သက်တာလုံး နောက်ဆုံးအချိန်ထိ လက်ယာတော်ရံနဲ့ လက်ဝဲတော်ရံအနေနဲ့ သီတင်းသုံးသွားခဲ့ကြပါတယ်။

စာဖတ်သူနဲ့ စာရေးသူတို့လဲ လူဖြစ်လာခိုက်၊ မြတ်စွာဘုရားသာသနာတော်(အဆုံးအမတရား) နဲ့လဲ ဆုံစည်းရခိုက်၊ ကောင်းကျိုးများများလုပ်ဆောင်နိုင်လိုက်ကြရင် ကောင်းတာပေါ့။ လူ့ဘဝနေရကျိုးနပ်တဲ့အမြတ်ပေပေါ့။ သံသရာခရီးရှည်ကြီးမှာ မမြင်ရနိုင်တဲ့ အစုန်အဆန်အကောင်းအဆိုးအမျိုးမျိုးကို တွေ့ကြုံဖြတ်သန်းကြရအုံးမှာမဟုတ်လား။ နိဗ္ဗာန်မရခင် မရောက်ခင်စပ်ကြားဘဝများစွာ။ သွားကြရအုံးမှာ။

အသက်အရွယ်ကြီးရင့်လာတော့ တကယ်တမ်းဆို နေဝင်ချိန်တောင်နီးနေပြီလေ။ တိုတောင်းလှတဲ့ လက်ကျန်ကာလလေးကို (စာဖတ်သူများအပါအဝင် မိမိလက်လှမ်းမီရာပတ်ဝန်းကျင်ကို) တတ်နိုင်သမျှ ကျေးဇူးပြုချင်မိပါတယ်။ ဘယ်အကြောင်းအရာမျိုးတွေ မျှဝေအသိပေးတင်ပြရရင် အကျိုးအရှိဆုံးဖြစ်လေမလဲ။ စဉ်းစားရှာဖွေမိပါတယ်။

ဆယ်ကြိမ်၊ ဆယ့်တစ်ကြိမ်၊ ဆယ့်နှစ်ကြိမ်ထိ အောင်ပြုလုပ်ခဲ့တဲ့ ဘာသာရေးဖြေဆိုပွဲဖော်ပွဲများ ဆုပေးရွေးချယ်ခဲ့ပုံများကို သတိမထားခဲ့မိပါ။

၂၀၂၆ ခုနှစ်မှာကျင်းပတဲ့ (၁၃) ကြိမ်မြောက် ဘာသာရေးဖြေဆိုပူဇော်ပွဲနဲ့ ဆုပေးတဲ့မှတ်တမ်းများကို လက်ကိုင်ဖုန်းယူကျူလိုင်းကတစ်ဆင့် ကြည့်ရမြင်ရတဲ့အခါ အထူးပဲကြည်နူးဝမ်းသာ၊ သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။ ကုသိုလ်စိတ်တွေပွားရင်း ပီတိလည်းဖြစ်မိကာ အားတက်မိပါတယ်။

မကြာခင်က အမေရိကန်နိုင်ငံ ဖို့ဒ်ဝပ်သ် ဗီယက်နမ်ဝိပဿနာကျောင်းတိုက်မှ အရှင်ပညာကာရဆရာတော်နဲ့ ဆရာတော်ကြီး ဂုဏာနန္ဒတို့ဦးစီး စီမံမှုနဲ့ သံဃာတော်အပါး ၂၀ လောက် မိုင် ၂၃၀၀၊ ရက်ပေါင်း ၁၀၀ ကျော် ခြေကျင်ခရီးကြွချီတဲ့ Walk For Peace ငြိမ်းချမ်းရေးခရီးအကြောင်း သုံးလကျော်မျှ နေ့စဉ်သတင်းကြည့်ခဲ့ရတာလဲ သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ်။

တစ်နေ့ကလဲ မန္တလေးမြို့ပေါ်ကပါပဲ။ ရှင်ပြုအလှူပွဲကြီးတစ်ခု ခြိမ့်ခြိမ့်သဲသဲ၊ ခမ်းခမ်းနားနားကြီးကျယ်လိုက်တာ။ ရှင်လောင်းကို ဆင်ပေါ်တင်ပြီး မြင်းလေးစီးရထားကို မြို့မတီးဝိုင်းလဲပါရဲ့။ ရှင်လောင်းလှည့်တာမြင်ရတယ်။ ကျွေးတာမွေးတာ၊ သံဃာတော်များ ဆွမ်း၊ သင်္ကန်းစသဖြင့် ကပ်လှူတာတွေ ဘယ်နည်းမှာလဲ။ ရွေခွက်မပြီး ရေစက်ချတဲ့ ဒါနကုသိုလ်၊ သားရှင်ပြုကုသိုလ်၊ အစစကုသိုလ်များအတွက် တဲ့ တရားတော်က ဆင်းရဲငြိမ်းအေး၊ ချမ်းသာရေးအတွက် အဓိကရည်ရွယ်ချက်ပဲ။ လိုက်နာရင် လိုက်နာသလောက် လက်တွေ့ကောင်းကျိုးရတယ်။ ကျင့်သုံးရင်ကျင့်သုံးသလောက် အကျိုးပေးတာ သေချာတယ်။

မသိနားမလည်တဲ့ကလေးကို ပြောသလိုပေါ့။
**မီးကိုမကိုင်နဲ့။ မီးကိုကိုင်ရင် ပူလိမ့်မယ်။**
**ဆူးပုံကိုမနင်းနဲ့။ ဆူးတွေစူးလိမ့်မယ်။**

**❖ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမှာ မနောကံက အပြုအမူအပြောအဆိုလို မထိရောက်စေပေမယ့် ကိုယ်အပြုအမူ၊ နှုတ်အပြောအဆိုတို့ကိုထုတ်လုပ်ပေးတဲ့ မူလအရင်းအမြစ်ကံဖြစ်တဲ့အတွက် အခြေခံကျတယ်။ အပြောအပြုတို့ထက် အရေးကြီးပါသေးတယ်။ အတွေးလွဲရင် အပြောအပြုပါလွဲတာပဲ။ အတွေးအမြင်၊ သဘောထား၊ ခံယူချက်၊ မနောကံက ကံအားလုံးရဲ့ရေသောက်မြစ်လဲဖြစ်တယ်။ အခြေခံကျသလို ရှေးဦးဆုံး "မျိုးစေ့"သဘောလဲ သက်ရောက်ပါတယ်။ စိတ်ဟာ အရေးအကြီးဆုံးလို့တောင် ပြောနိုင်တယ်။ စိတ္တေနနိယတေလောကော။ စိတ်ဟာ လောကကိုဆောင်တယ်ဆိုတာကိုး။ စိတ်ကူးပုံ၊ ကြံစည်ပုံ၊ တွေးခေါ်ဆင်ခြင်ပုံ မှန်ကန်ဖို့ရာ သမ္မာဒိဋ္ဌိဆိုတာ ရှေ့ဆုံးထိပ်စည်းနေရာမို့ အရာရာကို ကောင်းအောင် ဆိုးအောင် အကျိုးပြုစေတယ်။ ❖**

လိုက်လှဲဝမ်းသာ၊ သာဓုအနုမောဒနာခေါ်ရပါတယ်။ တကယ်က လူ့သဘာဝ ယူချင်တာ၊ ရချင်တာမဟုတ်လား။ စွန့်လွှတ်လှူဒါန်းပေးကမ်းမျှဝေနိုင်တယ်ဆိုတဲ့ ဒါနကုသိုလ်က လူတိုင်းဟာတော့ မရက်ရောနိုင်ဘူးလေ။ လောဘကိုနိုင်သူတွေပဲ။ ဒါနလိုအကုန်အကျမရှိပေမယ့် ဆရာတော်သံဃာတော်များက အားပေးထောက်ခံတဲ့ နောက်တစ်ဆင့်ကုသိုလ်တစ်မျိုးရှိပါသေးရဲ့။ သီလကုသိုလ်ပါ။ ဒါနလဲကောင်းမှုကုသိုလ်ပါပဲ။ သီလလဲပါရင်တော့ ပိုကောင်းတာပေါ့။ ဒါနကုသိုလ်၊ သီလကုသိုလ်များကို တတ်နိုင်သမျှကြိုးစားပြုသင့်သလိုပဲ။ သမထ၊ ဝိပဿနာ၊ ဘာဝနာကုသိုလ်ကတော့ အမြင့်ဆုံးနဲ့ အကောင်းဆုံးသောကုသိုလ်ကြီးပေပေါ့။

ပုထုဇဉ်သာမန်လူသားတွေကတော့ မမြင်မကန်းတွေသာ များကြလေတော့ လိုအပ်ချက်နဲ့ လိုချင်လောဘကိုတောင် ခွဲခြားမသိကြပါဘူးတဲ့။ ဘော့စ်ဘောအားကစားသမားအကျော်အမော်တစ်ယောက်ဖြစ်တဲ့ Don Allen Robinson က ပြောဖူးတယ်။

**"ခုခေတ်ကာလရဲ့ အားနည်းချက်တစ်ခုကတော့ ကျွန်ုပ်တို့ရဲ့ လိုအပ်ချက်(Needs)နဲ့ လိုချင်လောဘ (Greeds) ကို ခွဲခြားမသိကြခြင်းဖြစ်ပါတယ်"**တဲ့။ မသိတော့လဲ လွဲမှားကြပေမှာပေါ့။ မသိလို့မကြောက်ကြတာပါ။

လူအချို့ဟာ (ဘာသာလူမျိုးမခွဲပါပဲ)မသိကြလေတော့ ဆင်ကန်းတောတိုး၊ မစဉ်းမစားနဲ့ ကိုယ့်စိတ်ထင်ရာ စွတ်ရေး၊ ထင်ရာတွေပြော၊ ထင်ရာတွေလုပ်၊ အကျိုးမဲ့တဲ့ ကံအလုပ်တွေကို လုပ်မိနေတတ်တယ်။ ကံဆိုတဲ့ ကိုယ်လုပ်တဲ့အလုပ်ဟာ ကုသိုလ်လား၊ အကုသိုလ်လား မခွဲခြားတတ်ဘူး။

တကယ်တော့ မြတ်စွာဘုရားဟောကြားတော်မူဥပမာတင်စားတာပါ။ မလုပ်သင့်တဲ့အကုသိုလ်ဒုစရိုက်အပြုအမူတွေကို(နားမထောင်ဘဲ)ပြုလုပ်ရင် ကျူးလွန်ရင် အဲသလိုမျိုးခံစားရလိမ့်မယ်။

**ကံ-ကံရဲ့အကျိုးဆက်နွှယ်မှုက ကမ္မနိယာမ။**

ကောင်းမှုကုသိုလ်ကံဆိုတာလဲ အမျိုးမျိုးရှိတယ်။
မကောင်းမှုဒုစရိုက်ဆိုတာလဲ အမျိုးမျိုးရှိတယ်။
ဒီလိုကံအပြုအမူ၊ အလေ့အကျင့်တွေက ဘယ်သူဘယ်ဝါပဲလုပ်လုပ်၊ ဘယ်အချိန်ပဲလုပ်လုပ်၊ ကောင်းမှုပြုလုပ်ရင် ကောင်းကျိုးမုချရတယ်။ မကောင်းမှုဒုစရိုက်ကိုလုပ်ရင် ဆိုးကျိုးသေချာပေါက်ရမယ်။ အနေးနဲ့အမြန်ပဲ။ အသေအချာအကျိုးပေးလာမှာပဲ။

ဒါကိုနားလည်သိမြင်နိုင်စေချင်ပါတယ်။ ကမ္မဿကာသမ္မာဒိဋ္ဌိ၊ မှန်တဲ့အမြင်တဲ့။

သုစရိုက် ၁၀ ပါး။ ကုသိုလ်ကမ္မပထတရား ၁၀ ပါးလို့လဲ ခေါ်ကြတယ်။ ကျင့်သုံးသူမှန်သမျှ မုချကေန် အေးချမ်းသာယာမှုကို အကျိုးပေးတဲ့အပြုအမူအလေ့အကျင့်များ။ မှတ်သားပြုလုပ်ထိုက်ပါတယ်။

၁။ ဒါန - သဒ္ဓါကြည်ဖြူပေးလှူခြင်း။
၂။ သီလ - အပြောအပြု(စကား၊ အလုပ်) ဒုစရိုက်ရှောင်ကြဉ်ခြင်း။
၃။ ဘာဝနာ - သမထ၊ ဝိပဿနာလေ့လာပွားများခြင်း။
၄။ အပစာယန - ရတနာသုံးပါး မိဘဆရာသမားကို ရိုသေခြင်း။
၅။ ဝေယျာဝစ္စ - ကုသိုလ်ဖြစ်တဲ့ဝတ်ကြီးဝတ်ငယ်ပြုစုခြင်း။
၆။ ပတ္တိဒါန - မိမိကုသိုလ်ကို အမျှအတမ်းပေးဝေခြင်း။
၇။ ပတ္တာနုမောဒနာ - သူတစ်ပါးကုသိုလ်ကို သာဓုခေါ်ခြင်း။
၈။ ဓမ္မပဝန - တရားနာယူခြင်း။
၉။ ဓမ္မဒေသနာ - ဓမ္မတရားကိုဟောပြောခြင်း။
၁၀။ ဒိဋ္ဌုဇုကမ္မ - နိဗ္ဗာန် ရောက်ကြောင်းကောင်းတဲ့အယူကို ဖြောင့်မှန်စွာယူခြင်း။

ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးမှာ မနောကံက အပြုအမူအပြောအဆိုလို မထိရောက်စေပေမယ့် ကိုယ်အပြုအမူ၊ နှုတ်အပြောအဆိုတို့ကို ထုတ်လုပ်ပေးတဲ့ မူလအရင်းအမြစ်ကံဖြစ်တဲ့အတွက် အခြေခံကျတယ်။ အပြောအပြုတို့ထက် အရေးကြီးပါသေးတယ်။ အတွေးလွဲရင် အပြောအပြုပါလွဲတာပဲ။ အတွေးအမြင်၊ သဘောထား၊ ခံယူချက်၊ မနောကံက ကံအားလုံးရဲ့ ရေသောက်မြစ်လဲဖြစ်တယ်။ အခြေခံကျသလို ရှေးဦးဆုံး "မျိုးစေ့"သဘောလဲသက်ရောက်ပါတယ်။ စိတ်ဟာ အရေးအကြီးဆုံးလို့တောင် ပြောနိုင်တယ်။

စိတ္တေနနိယတေလောကော။
စိတ်ဟာ လောကကိုဆောင်တယ်ဆိုတာကိုး။
စိတ်ကူးပုံ၊ ကြံစည်ပုံ၊ တွေးခေါ်ဆင်ခြင်ပုံ မှန်ကန်ဖို့ရာ သမ္မာဒိဋ္ဌိဆိုတာ ရှေ့ဆုံးထိပ်စည်းနေရာမို့ အရာရာကို ကောင်းအောင်ဆိုးအောင် အကျိုးပြုစေတယ်။

**"ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏။ ထိုဖြစ်ဖြစ်သမျှတို့၏အကြောင်းကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။**

**ထိုထိုဖြစ်ဖြစ်သမျှတို့၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလဲ ဟောကြားတော်မူ၏။ မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူပါ၏"**

ကံ-ကံရဲ့အကျိုးလို့ ပြောကြရေးကြပေမယ့် ကံကို တုံ့ပြန်လာတဲ့အကျိုးက တစ်ခါတစ်ရံနှေးတယ်။ အပွင့်မှအကင်း၊ အကင်းမှအသီး၊ အသီးက နုရာမှ ရင့်ရသေးတယ်။ ရင့်ကျက်တဲ့အထိ အချိန်စောင့်ရတာမျိုးလဲ ရှိတတ်သေးတယ်။

ကိုယ်ပြုလုပ်တဲ့ကံအကျိုးဆက်ကို ချက်ချင်းလက်ငင်းမမြင်ရမတွေ့ရသေးလို့ အချို့ဟာ အကြောင်းအကျိုး ကွင်းဆက်သဘောနိယာမကို မယုံကြဘူး။ အချို့က သံသယရှိတတ်ကြတယ်။ ဒါကတော့ ဉာဏ်နဲ့ယှဉ်ပြီး ဆင်ခြင်ကြည့်ရမှာပါ။ ကိုယ်ပြုတဲ့ကံဟာ ပွဲတင်သံပါပဲ။ မိမိအော်ဟစ်လိုက်တဲ့အသံအတိုင်း ပွဲတင်သံက တုံ့ပြန်တာတွေ့ရမှာပါ။

အချိုပြုပေမယ့် အခါးအဖြေထွက်နေတယ်ဆိုတဲ့ မှားယွင်းသလိုလိုဖြစ်နေတာမျိုးက အချိန်အနှေးနဲ့ အမြန် ကံအဟုန်သတ္တိချင်းကပ်မနေတာမျိုးလဲ ရှိတတ်လို့ပါ။

**ကောင်းမှုပြုက ကောင်းကျိုးရမယ်။ မုချသေချာတယ်။**

မကောင်းမှုကံတွေဖြစ်တဲ့-
၁။ သူ့အသက်သတ်မှု
၂။ ခိုးဝှက်မှု
၃။ သူ့သားမယားကျူးလွန်မှု၊
၄။ မူးယစ်စေတာမသောက်မသုံး
၅။ လိမ်ညာမုသား စတဲ့ကံငါးပါးလုံးခြုံအောင် ထိန်းသိမ်းတဲ့အပြင်-
၆။ ဖရုသဝါစာ
၇။ သမ္ဖလဝါစာ
၈။ အနဘိဇ္ဈာ
၉။ အဗျာပါဒတို့ ရှောင်ကြဉ်ရမယ်။
၁၀။ ကံ-ကံရဲ့အကျိုးကို သဘောပေါက်လက်ခံယုံကြည်နိုင်ပါစေ။ လူဖြစ်ရကျိုးနပ်အောင် ကောင်းကျိုးရစေပါလိမ့်မယ်။

ဆုလတ်မေ

# သစ်ပင်သစ်တောများရှင်သန်ရေး စနစ်တကျစိုက်ပျိုးပေး

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေ၊ ပစ္စုပ္ပန်၏အကျိုးနှင့် အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ သစ်ပင်များရှင်သန်ပေါက်ရောက်နေသည့် ပတ်ဝန်းကျင်သည် သစ်ရိပ်နှင့် Evapetrespira- tion ခေါ် ရေငွေ့ပြန်ခြင်းဖြစ်စဉ်တို့ကြောင့် အအေးဓာတ်ကို ဖြစ်ပေါ်စေပြီး မြေပြင်နှင့်လေထု၏အပူချိန်ကို ကျဆင်းစေသည်ဟုဆိုသည်။ သဘာဝပတ်ဝန်းကျင်တွင် သစ်ပင်သစ်တောတို့သည် လူသားတို့အတွက် စိတ်ကြည်လင်မှုရရှိစေနိုင်သော အလှတရားများဖြစ်သည်။ သစ်ပင်သစ်တောများထံမှ စိမ်းလန်းသော အလှတရားကို ခံစားနိုင်သကဲ့သို့ အေးမြသောအရိပ်ကိုလည်းရရှိစေနိုင်သည်။ သစ်ပင်၊ သစ်တောများသည် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး သက်ရှိများ ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့်အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကိုလည်း လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် သစ်ပင်၊ သစ်တောများသည် လူသားတို့အတွက် မည်မျှအရေးပါသည်ကို သိရှိနိုင်သည်။

သစ်ပင်သစ်တောများ တည်ရှိခြင်းကြောင့် မိုးရွာသွန်းမှုကိုလည်း အချိန်မှန်မှန်ဖြစ်ပေါ်စေသည်။ သစ်ပင်၊သစ်တောများသည် မိုးရေကိုစုပ်ယူထိန်းသိမ်းထားပြီး မြေအောက်မှတစ်ဖန်လျှိုမြောင်းများကြား စိမ့်စမ်းရေများအဖြစ် ပြန်လည်ထွက်ရှိစေကာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပေးလျက်ရှိသည်။ သစ်ပင်သစ်တောများက လေဒဏ်၊ မိုးဒဏ်ကို အကာအကွယ်ပေးသည့်အပြင် သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားသောကြောင့် မြေဆီလွှာဆုံးရှုံးပျက်စီးမှု၊ မြေပြိုမှုများကိုလည်း ထိန်းသိမ်းပေးသည်။ ဤသို့ဖြင့် သစ်ပင်၊ သစ်တောတို့သည် လူသားများအတွက်သာမက တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် မြေဆီလွှာ၊ ရာသီဥတု၊ လေမုန်တိုင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း နည်းမျိုးစုံဖြင့် ကာကွယ်ပေးနေသဖြင့် သစ်ပင်သစ်တောများကို ချစ်ခင်သင့်ပေသည်။

ကမ္ဘာမြေပေါ်တွင် သစ်ပင်သစ်တောများ ယုတ်လျော့ပျက်စီးပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ **"ဥတုရာသီတောကိုမှီ၏"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်ပင်၊ သစ်တောများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယနေ့ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ပင်ဖြစ်သည်။ အရင်းစစ်တော့အမြစ်မြေဆိုသလို ခေတ်မီသိပ္ပံနှင့်စက်မှုပညာများ တိုးတက်ထွန်းကားလာမှုနှင့်အတူ သစ်ပင်သစ်တောများကို ကုန်ကြမ်းများအဖြစ် ထုတ်ယူအသုံးပြုလာကြခြင်းကြောင့် သစ်တောများပြုန်းတီးကာ အဘက်ဘက်မှ ဆိုးကျိုးများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြသဖြင့် သစ်ပင်များရှားပါးလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့် ရင်ဆိုင်နေကြရပြီး လူသားတို့၏ အသက်ပင် ဆုံးရှုံးသေဆုံးရသည်ထိ ဒုက္ခဆိုးအမျိုးမျိုးနှင့် ကြုံတွေ့နေရပေသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေသာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကိုစိုက်ပျိုးကြရမည်ဖြစ်သည်။

သစ်တောများပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်တွင် သစ်ထုတ်လုပ်ခြင်းလည်း ပါဝင်ပေသည်။ "ထင်းခုတ်ကြမဆင်မခြင်၊ တောသစ်ပင်တွေပြုန်း" ဆိုသကဲ့သို့ ထင်းမီးသွေးဖုတ်ရာမှလည်းကောင်း၊ တောမီးလောင်ခြင်းကြောင့်လည်းကောင်း သစ်တောများပြုန်းတီးခြင်းဖြစ်သည်။

**❖ ကမ္ဘာမြေပေါ်တွင် သစ်ပင်သစ်တောများ ယုတ်လျော့ပျက်စီးပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ "ဥတုရာသီတောကိုမှီ၏" ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်ပင်၊ သစ်တောများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယနေ့ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ပင်ဖြစ်သည်။ ❖**

သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။ နှစ်ပေါင်း ၁၂၀ မှ ၁၂၀၀ ထိ ကြာမှသာ တစ်လက်မအထူမျှဖြစ်လာသော သဘာဝမြေဆီလွှာသည် တစ်ခဏတာဖြင့် ပြုန်းတီးသွားရသည်။ အကျိုးဆက်ကား ရေကြီးရေလျှံခြင်း၊ မြေပြိုတောင်ပြိုခြင်းများနှင့် ဆေးဖက်ဝင်အပင်များ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်စေသည်။

လူသားတို့အနေဖြင့် မိမိတို့ကြောင့် ပျက်စီးရသည့် သဘာဝပတ်ဝန်းကျင်များကို မိမိတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တာဝန်အရှိဆုံးဖြစ်ပေသည်။ သို့အတွက်ကြောင့် သစ်ပင်၊ သစ်တောများကို ပြန်လည်စိုက်ပျိုးတည်ထောင်မှုပြုလုပ်နေကြရမည်ဖြစ်သည်။ ထိုသို့ ပျက်စီးသွားသည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံပြီး ပြဿနာများကို ဖြေရှင်းခြင်းတစ်နည်းအားဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်း၌ လေထုပူနွေးလာမှုနှင့်အတူ ရေ၊ မြေ၊ လေ၊ ရာသီဥတုစသည့် ရုပ်ပိုင်းဆိုင်ရာများ ယိုယွင်းလာခြင်းကြောင့် သစ်ပင်ပန်းမန်၊ တိရစ္ဆာန်စသည့် သက်ရှိဇီဝဆိုင်ရာ ပြုန်းတီးမှုများ တွေ့ကြုံနေကြရသည်။ လေထုပူနွေးလာမှုကို တားဆီးလျော့ချနိုင်ရေးအတွက် နိုင်ငံအများအပြားတွင် သစ်ပင်၊ သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးကို အထူးအလေးပေးလုပ်ဆောင်လျက်ရှိသည်။ နှစ်စဉ်ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပစိုက်ပျိုးနိုင်ခဲ့သည်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလသို့ ရောက်ပြီဆိုပါက သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ သစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ယနေ့လမ်းဘေးဝဲယာတစ်လျှောက် မြင်တွေ့နေရသော သစ်ပင်များအပါအဝင် မြို့ပြများအနီး မြင်တွေ့ရသော သစ်ပင်များသည် သစ်ပင်စိုက်ပျိုးရေးကို နှစ်စဉ်ဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ "သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး" ဟူသော စကားမှာလည်း သစ်ပင်သစ်တောကို ချစ်ခင်သည့် လူမျိုးမှာ သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးကြကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရွှေတိုက်ကိုပင် ပိုင်စိုးရကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးတရားများကိုပြဆိုကာ သစ်ပင်သစ်တောများကို ချစ်ခင်သင့်ကြောင်း ဖော်ညွှန်းပြနေခြင်းဖြစ်သည်။

သစ်ပင်သစ်တောများသည် ပြည်သူလူထု၏ နေ့စဉ်ဘဝ၊ အသက်မွေးဝမ်းကျောင်းမှု၊ ရေနှင့်စားရေရိက္ခာဖူလုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးအချက်တစ်ရပ်ဖြစ်သည်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီမှစတင်ပြီး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေမှုရှိသည့် အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်း ပါဝင်မှုဖြင့် နှစ်စဉ် ကျင်းပဆောင်ရွက်လျက်ရှိသည်။ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးနှင့် ပြည်သူများကြား သစ်တောထိန်းသိမ်းရေး အသိပညာများ ပိုမိုနိုးကြားလာစေရေး စသည့်ရည်ရွယ်ချက်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွက် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ပထမအကြိမ်အဖြစ် ဇွန် ၁၃ ရက်တွင် ကျင်းပခဲ့ပြီး သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇွန် ၂၅ ရက်တွင် သစ်မျိုး ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကိုလည်းကောင်း စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

"ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်းစိတ်ရွှင်လန်း၏" ဆိုသည့်အတိုင်း သီးပင်စားပင်၊ အရိပ်ရပင်၊ ပန်းပင်များကို အစဉ်တစိုက်စိုက်ပျိုးကြခြင်းဖြင့် မြို့ပြကျေးလက်တစ်ခွင် ဒေသအလိုက် စိမ်းလန်းစိုပြည်ဝေဆာလှပလာမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်သာမက ပြည်သူများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် သစ်ပင်သစ်တောများကြောင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုကိုပါ များစွာအကျိုးသက်ရောက်စေပြီး ဤကမ္ဘာမြေအစဉ်ထာဝရလှပနေစေရန်အတွက် လူတစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်း စိုက်ပျိုးသင့်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်းသစ်တောစိုက်ခင်း ဧက ၃၀၀၀၀ ကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်ရန် ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိသည်။

သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများသည် လက်ငင်းခံစားခြင်းမျိုး မဟုတ်သော်လည်း နောင်ခုနစ်နှစ်ခန့်အကြာတွင် အကျိုးခံစားရမည်ဖြစ်သည်။ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ရန်လည်း အလွန်အရေးကြီးသည်။ သစ်တောများ တည်ရှိနေခြင်းသည် "အတိတ်ကာလ၏အမွေ၊ ပစ္စုပ္ပန်၏ အကျိုးအားနှင့် အနာဂတ်၏ဖွံ့ဖြိုးတိုးတက်မှုဖြစ်သောကြောင့် သစ်တောများသည် လူစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးပါသည့်ကဏ္ဍဖြစ်ရာ ယခုအချိန်တွင် မိမိတို့ကိုယ်တိုင်ပင် ယခင်ကဘိုးဘွားမိဘများ စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီး၊ ဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားနေရပြီဖြစ်သည်။ သို့ဖြစ်ရာ နောင်လာမည့်သားစဉ်မြေးဆက်ကိုလည်း ကောင်းကျိုးခံစားရစေလိုသည့်စိတ်ဖြင့် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းခြင်း၊ သစ်ပင်၊ သစ်တောစိုက်ပျိုးခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**ကိုးကား**

- ၂၆-၆-၂၀၂၆ ရက်ထုတ် သတင်းစာများ
- ၂၇-၆-၂၀၂၆ ရက်ထုတ် မြဝတီသတင်းစာ

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ နှမ်းစိုက်ပျိုးခြင်းကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၇၁၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၄၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေကိုလဲ နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ ပိုးမွှားအန္တရာယ်ကင်းစင်ဖို့ အသိပညာပေး လုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်း၍ စိုက်ခင်းများအတွင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဇေယျာသီရိမြို့နယ် သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီးပွားရေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာယာစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေခြည်လူး**

## စာပေမြင့်မှ လူမျိုးတင့်မည်






# ဗုဒ္ဓရောင်ဝါနေသို့ လင်းပြီး အရှည်တည်တံ့ပါစေသော်

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဇဗမဟာရဋ္ဌဂုရု)ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသည် တောင်တန်းနှင့် ကမ်းရိုးတန်း ဒေသရှိ ကျောင်းပေါင်း ၁၂၆၃ ကျောင်း(ချင်းပြည်နယ် တောင်ပိုင်း + မြောက်ပိုင်း + ရှမ်းပြည်နယ်မြောက်ပိုင်း ၅၁၇ ကျောင်းမပါ)အား မြန်မာ တစ်နိုင်ငံလုံးမှ စေတနာသဒ္ဓါစိတ်ဖြင့် အလှူရှင်များကိုယ်စား ၂၂ နှစ်ကျော် လှူဒါန်းခဲ့ကြပါသည်။ ယခုအခါ ၁၃၈၇ ခုနှစ်၊ ဝါဆိုကြမည့် သံဃာတော် အရှင်သူမြတ်တို့အား ကျောင်းအလိုက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆန်များ လောင်းလှူကြမည်ဖြစ်ပါသည်။

(က) ဝါဆိုတော်မူကြမည့် သံဃာတော်များ ဝါဆိုသင်္ကန်းတစ်ထည် - ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)

( ခ ) ဝါတွင်း (၃)လအတွက် ချက်၊ ပြုတ် ဆွမ်းဘုဉ်းပေးရန် ဆန် ၂၄ ပြည်တစ်အိတ် - ၈၀၀၀၀/-(ကျပ်ရှစ်သောင်းတိတိ)

လှူဒါန်းရန်ဌာန - ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခအဘိဇဗမဟာရဋ္ဌဂုရု၊ ဦးလှဝင်း၊ ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း - ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆

## မိခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလက (၂၈)၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်မင်းထွေး၏သမီး မကေဇင်သော်၏ မိခင် အမည်မှန်မှာ **ဒေါ်ချို** ဖြစ်ပါကြောင်း။

**ဒေါ်ချို(၉/ခမစ(နိုင်)၁၀၄၆၅၅)**

## အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇင်ကိုလတ်၏သား မောင်ဘုန်းသျှံခန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ဘုန်းလျှံခန့်** ဖြစ်ပါကြောင်း။

**မောင်ဘုန်းလျှံခန့်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-7တွင် ပညာသင်ကြားနေသော မောင်အောင်ရဲလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ **ဦးအောင်မျိုးသန့်** ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးသန့်**
**(၉/စကတ(နိုင်)၀၉၃၆၃၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-6 တွင် ပညာသင်ကြားနေသော မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ **ဦးသန့်ဇင်ငြိမ်း** ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ငြိမ်း**
**(၉/စကတ(နိုင်)၀၉၁၂၆၇)**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ယင်းတော်ရွာမနေ မငြိမ်းငြိမ်းဝင်း (ဘ) ဦးဝင်း(၉/ပဘန(နိုင်)၂၂၆၃၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-975922846**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-6 တွင် ပညာသင်ကြားနေသော မသော်သော်ဟန်သာ၏ဖခင်အမည်မှန်မှာ **ဦးသူရဝင်းထင် (ခ) ဦးသန်းစိုးထိုက်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသူရဝင်းထင် (ခ) ဦးသန်းစိုးထိုက်(၉/စကတ(နိုင်)၀၇၆၀၃၀)**

## အမျိုးသမီးဝန်ထမ်း အလိုရှိသည်

Cashier - (၂) ဦး

ဂိုဒေါင်ဝန်ထမ်း - (၂) ဦး

- အသက် (၂၅)နှစ်အောက် ဖြစ်ရမည်။
- Computer Basic တတ်ရမည်။
- ကျောင်းပြီး (သို့) အထက်တန်းအောင် ဖြစ်ရမည်။
- အတွေ့အကြုံ ရှိ/မရှိ လျှောက်ထားနိုင်ပါသည်။

**လစာနှင့် အကျိုးခံစားခွင့်**

အခြေခံလစာ + အပိုဆုကြေးများ

၃၅၀,၀၀၀ + ၁၀,၀၀၀ + ၁၀,၀၀၀ + ၃၀,၀၀၀

(၃)လပြည့်ပါက ကော်မရှင်ခံစားခွင့်ရှိသည်။

**အလုပ်နေရာ**

၃၅ လမ်း၊ ၇၆ x ၇၇ လမ်းကြား Bazai မန္တလေးမြို့။

**Ph 09-772622229**

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒီဇယ်ဆီတင်သွင်းမှုအခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေခြင်းကြောင့် စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့်မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm)တင်သွင်းမှုအပေါ် ကောက်ခံသောအကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)တို့ကို ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ဇူလိုင် ၃၁ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေသြဇာများတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)ကို ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ဇူလိုင် ၃၁ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေသြဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုသွားမည်

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများသက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို မေ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ဇူလိုင် ၃၁ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့်သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**



## ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဆဋ္ဌမနေ့ အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်သက်ဇင်၊ ဦးတင်ဦးလွင်၊ ဒေါက်တာမောင်သင်း၊ ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက၊ စာမျက်နှာ ၁၇ ကော်လံ ၁ ❖

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စာမျက်နှာ ၂၄ ကော်လံ ၁ ■

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများက ပန်းကုံးများ၊ အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။



**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်ကိုးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင် လူနေအဆောက်အအုံ ၆၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်** စာမျက်နှာ - ၂၆

## မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

**နေပြည်တော် ဇူလိုင် ၆**

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်များအရ သြရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ်(Depression)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သြရိဿပြည်နယ် ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့ကာ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။